ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (10-3-2015) (၈၁၄၀)

ဒီ သိန်း-သန်း ကွန်မြူနစ်တွေဟာ သူတို့အာဏာရမှုအတွက် အလုပ်သမားတွေ၊ ကျောင်းသားတွေ၊ လယ်သမားတွေကို ဘယ်လိုအလွဲသုံးစားလုပ်ခဲ့တယ်ဆိုတာ တိုင်းပြည်လူထုက ကောင်းကောင်းချင့်ချိန်နိုင်ပြီလို့ ကျွန်တော်ယုံကြည်တယ်။ ဒီ သိန်း-သန်း ကွန်မြူနစ်တွေဟာ တော်လည်းတော်တဲ့လူတွေပါပဲ။ တရားအတိုင်း မဟုတ်ဘဲ ညစ်ညစ်ပတ်ပတ် နည်းတွေနဲ့ နိုင်ငံရေးအာဏာလုတဲ့နေရာမှာ တစ်တိုင်းပြည်လုံးက သူတို့ကို ဆရာတင်ရမှာပဲ။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)*

# ပိုမိုတာဝန်ယူသည့်လုပ်ငန်းနယ်ပယ် ရေရှည်ဖွံ့ဖြိုးရေး တီထွင်ဆန်းသစ်သည့်အမြင်နှင့် ပေါင်းစပ်ဆောင်ရွက်

**နေပြည်တော် မတ် ၉**

အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။**(ယာပုံ)**

အခမ်းအနားတွင် ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ထမ်းအဖွဲ့အစည်းမှ အဆင့်မြင့်အရာရှိကြီးများသည် အစိုးရအုပ်ချုပ်ရေး ယန္တရားကို ဦးဆောင်မောင်းနှင်ရမည့်သူများ ဖြစ်သည်နှင့်အညီ ဒီမိုကရေစီ ကျင့်စဉ်အရ တက်လာသည့်အစိုးရများက ချပေးလိုက်သည့် အစိုးရ၏ မျှော်မှန်းချက်များကို ဥပဒေဘောင်အတွင်းမှ အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါကြောင်း။

အရည်အသွေးပြည့်ဝသည့် အစိုးရယန္တရားများရှိရန် လိုအပ်ပါကြောင်း၊ လည်ပတ်နေသည့် ယန္တရားထဲတွင် အရေးကြီးသည့်အပိုင်းဖြစ်သည့် လူ့စွမ်းအား အရင်းအမြစ် ဝန်ထမ်းအဆင့်ဆင့်တို့က ၎င်းတို့၏အဆင့်အလိုက် အရည်အချင်း ပြည့်စုံရန်လိုအပ်ပါကြောင်း၊ အထောက်အကူပစ္စည်းများဖြင့် ဝန်ထမ်းအားလုံး လိုသည်ပိုသည်များကို ထိန်းညှိကြီးကြပ်ပေးရမည့် ဝန်ထမ်းအကြီးအမှူး၏ အရည်အသွေးက ပို၍အရေးကြီးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် တာဝန်ပေးအပ်ခံကြရသည့် ဝန်ထမ်းအကြီးအမှူးများအနေဖြင့် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ တာဝန်ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ယခုကဲ့သို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




ဥပဒေရေးဆွဲရေး အလေးပေးစဉ်းစားစရာ စာမျက်နှာ » ၆

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် လေ့လာအကြံပြု ရှင်းလင်းတင်ပြချက် စာမျက်နှာ » ၇

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မေတ္တာရပ်ခံပန်ကြားချက် စာမျက်နှာ » ၉


**ထူးခြားသည့် နေ့အပူချိန်များ**

ချောက်
၄၀ ဒီဂရီစင်တီဂရိတ်
ဘော်လခဲ
၄၀ ဒီဂရီစင်တီဂရိတ်

**နောက်နစ်ရက်အတွက် ခန့်မှန်းချက်**

တစ်ပြည်လုံးတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။


# ၂၀၁၇ ခုနှစ် ဆီးဂိမ်းပွဲတော်ကြီးတွင် ရန်ကုန်ရွက်လှေအသင်းမှ ရွက်လှေစီးအားကစား ဝင်ရောက်ယှဉ်ပြိုင်မည်



**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံအတွင်းရှိ မျိုးဆက်သစ် လူငယ်များအား မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ကျင်းပမည့် ၂၀၁၇ ခုနှစ် ဆီးဂိမ်းပွဲတော်ကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြစေရေးအတွက် အကြိုလုပ်ရှားမှုအနေဖြင့် ရန်ကုန်ရွက်လှေအသင်းမှ ရွက်လှေစီးအားကစား သင်တန်းအား ပို့ချပေးလျက်ရှိသည်။

လူငယ်များအကြား အားကစားစိတ်ဓာတ်ပေါ်ထွန်းလာစေရန်နှင့် စိတ်ဓာတ်ရေးရာပိုမိုတိုးတက်မြင့်မားစေရေးအတွက် နွေရာသီကျောင်းပိတ်ရက်အတွင်း Summer Sailing Clinic 2015 ရွက်လှေစီးအားကစား သင်တန်းအား ရန်ကုန်ရွက်လှေအသင်းမှ သင်ကြားပို့ချပေးနေခြင်းဖြစ်ပြီး ရွက်လှေစီးအားကစားနှင့် စပ်လျဉ်း၍ ပြည်သူများအကြား ပိုမိုကျယ်ပြန့်စွာ သိရှိလာစေရေးနှင့် ရန်ကုန်ရွက်လှေအသင်း၌ ရွက်လှေစီးအသင်းဝင် **စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍**



# လွှတ်တော်ရေးရာ

❖ **အာဆီယံမှ** တည်ထောင်ခြင်းနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက် (The Agreement to Establish and Implement the ASEAN Single Window- ASW Agreement )အား ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင်လည်းကောင်း၊ အာဆီယံပြတင်းတစ်ပေါက်စနစ် တည်ထောင်ခြင်းနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ အခြေပြစာချုပ် (The Protocol to Establish and Implement the ASEAN Single Window- ASW Protocol)အား ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင်လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါကြောင်း။

အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှုဆိုင်ရာဥပဒေမူဘောင် အခြေပြစာချုပ်အား လက်မှတ်ရေးထိုးပြီးမှသာ အာဆီယံဒေသတွင်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များအား သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေမူဘောင် အခြေပြစာချုပ်သည် ချုပ်ဆိုခဲ့ပြီးဖြစ်သည့် ASW Agreement နှင့် ASW Protocol တို့ကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်စပ်ယှက်နွယ်လျက်ရှိသည့် အချက်အလက်များအား ပိုမိုပြည့်စုံစွာထည့်သွင်းဖော်ပြရေးဆွဲထားခြင်း ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသတွင်း နိုင်ငံများအားလုံး၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ရေးကို များစွာအထောက်အကူပြုစေသည့် ဥပဒေမူဘောင် အခြေပြစာချုပ်တစ်ခုဖြစ်သောကြောင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံကလည်း ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူပြီး အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေမူဘောင်အခြေပြစာချုပ်အား မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စကို အတည်ပြုခဲ့သည်။

ယင်းနောက် **"နိုင်ငံတော်သမ္မတထံမှ ပေးပို့သော တရုတ်ပို့ကုန် သွင်းကုန်ဘဏ် (EXIM Bank of China) ထံမှ ကူးသန်းရောင်းဝယ်ရေး ချေးငွေ ယွမ် ၂၄၆ သန်း ချေးယူခွင့်"** နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန် လိုအပ်သည့် အုပ်ချုပ်မှု လုပ်ငန်းသုံးယာဉ်နှင့် စက်ကိရိယာများ၊ ရေယာဉ်များ ဖြည့်တင်းနိုင်ရေးအတွက် အထောက်အပံ့ယူမည့်အဖွဲ့အစည်းသည် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးများနှင့် မြို့နယ်/ ရဲစခန်းရုံးများ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲနှင့် အသစ်တိုးချဲ့ ဖွဲ့စည်းခဲ့သော တပ်ဖွဲ့အသစ်များအတွက် အဓိကထောက်ပံ့ဖြည့်တင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဖြည့်တင်းဆောင်ရွက်မည့်အစီအမံအနေဖြင့် လုပ်ငန်းသုံးမော်တော်ယာဉ်ငယ်၊ ယာဉ်လတ်၊ ထရပ်ကား၊ အချုပ်ယာဉ်၊ ကင်းလှည့်ရေယာဉ်နှင့် ကမ်းတက်ရေယာဉ်ငယ်များကို ဝယ်ယူရန်တင်ပြခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဖြည့်တင်းပေးခြင်းအားဖြင့် နယ်မြေလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး စသည့် ရည်မှန်းချက်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အချိန်မီကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ မှုခင်းဖြစ်ပွားမှုအား အချိန်မီ ကာကွယ်နိုင်ခြင်း၊ ဖြစ်ပွားလာသောပြစ်မှုများကို အချိန်မီ ဖော်ထုတ်နိုင်ခြင်းတို့အပြင် ပင်လယ်ကမ်းရိုးတန်း၊ ဆိပ်ကမ်းများနှင့် မြစ်ကြောင်းလုံခြုံရေးအား ရေကြောင်းရဲတပ်ဖွဲ့က ရေယာဉ်များဖြင့် ကင်းလှည့်စောင့်ရှောက်နိုင်သည့် အကျိုးကျေးဇူးများကို ခံစားရရှိမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် (EXIM Bank of China) မှ ရင်မင်ဘီယွမ် (RMB 246) သန်း ချေးယူ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် အုပ်ချုပ်မှုလုပ်ငန်းသုံးယာဉ်နှင့် စက်ကိရိယာများ၊ သင်္ဘောများအား ပြည်ပချေးငွေဖြင့် ဝယ်ယူဆောင်ရွက်မည့်လုပ်ငန်းအတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အထက်ပါချေးငွေကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြည်ပနိုင်ငံများမှ နည်းပညာများ၊ ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမှုများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၉**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် **ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင်၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြို့ချင်းဆက်ကတ္တရာလမ်းများပေါက်သော မြို့နယ်အဆင့် မြို့မည်မျှရှိသည်၊ မည်မျှကျန်သည်မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က တစ်နိုင်ငံလုံးတွင် မြို့နယ်ပေါင်း(၃၃၀) ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းလုပ်ငန်းဆောင်ရွက်သည့် မြို့နယ်ပေါင်း(၃၀၀)ရှိပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် အခြားဝန်ကြီးဌာနများက ဆောင်ရွက်နေသည့်မြို့နယ်ပေါင်း (၃၀)ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် လမ်းမိုင်ပေါင်း(၂၄၉၃၀)ကျော်အနက် (၁၂၆၉၀)မိုင်ကျော်မှာ ကတ္တရာလမ်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် (၁၄)ခုတွင် မြို့ချင်းဆက်ကတ္တရာလမ်းဖြစ်ပြီးသော မြို့နယ်ပေါင်း(၂၄၈)မြို့နယ်ရှိပြီး မြို့နယ်ချင်းဆက် ကတ္တရာလမ်းမဖြစ်သေးသော မြို့နယ်ပေါင်း(၅၂)မြို့နယ်ရှိပါကြောင်း၊ ကတ္တရာလမ်း မဖြစ်သေးသည့်မြို့များအနက် ကယားပြည်နယ်အတွင်းရှိ ရှားတောမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သာပေါင်း၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်းမြို့နယ်တို့မှာ မတ်လအတွင်း ကတ္တရာလမ်းအဆင့်သို့ရောက်ရှိမည်ဖြစ်ပြီး ကျန်မြို့နယ်များအား နှစ်ရှည်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

လယ်ယာကဏ္ဍနှင့်သက်ဆိုင်သည့်မေးခွန်းများနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းသန်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။



ဒုတိယဝန်ကြီး
ဦးစိုးတင့်



ဆောမဲဆန္ဒနယ်မှ
ဦးဌေးမောင်

**ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ တောင်သူလယ်သမားများအတွက် အထွက်ကောင်းမျိုးသန့်စပါးကို အရည်အသွေးမီရရှိရန်နှင့် အလုံအလောက်ရရှိရန် ဝန်ကြီးဌာနအနေဖြင့် မည်သို့အစီအမံများပြုလုပ်ထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** မြန်မာနိုင်ငံတွင် မျိုးချန်၍ရသော စပါးမျိုးများ မျိုးစေ့အဆင့်ဆင့်ပွားများရာတွင် မိဘမျိုးစေ့နှင့် ဆင့်ပွားမျိုးစေ့များကို ပွားများထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများက မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများအား စည်းရုံးဆောင်ရွက်သွားရန်နှင့်ဝန်ကြီးဌာနအနေဖြင့် မျိုးစေ့ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း အရည်အသွေးစစ်ဆေးခြင်း၊ မှတ်ပုံတင်ခွင့်ပြုခြင်း၊ မျိုးစေ့စိုက်ခင်းများ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

**ကန့်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကလိုအပ်သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေး စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်တွင်ယှဉ်ပြိုင်နိုင်ရေး၊ အထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ခေတ်မီစိုက်ပျိုးထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရေးကို ပြည်ပနိုင်ငံများမှ နည်းပညာများ၊ ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမှုများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ပြည်ပကုမ္ပဏီ(၆၅)ခုနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၏အထောက်အပံ့ အကူအညီ၊ ချေးငွေများဖြင့်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် အထောက်အပံ့စီမံကိန်း(၂၀)ခုကို အမေရိကန်ဒေါ်လာ ၇၈ သန်းကျော်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပြည်ပချေးငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်း(၄)ခုကို အမေရိကန်ဒေါ်လာသန်း (၃၇၀)ကျော်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကြားနာခဲ့သည့်အစီအစဉ် ဗီဒီယိုထုတ်လွှင့်ပြသ

**နေပြည်တော် မတ် ၉**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၏ **"စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် ကမ်းနားလမ်းနှင့် ဈေးကြီးလမ်းထောင့်အကွက်အမှတ်(၃၈) မြို့မဈေးအကွက်ရှိ မြေဧရိယာ (သုည ဒသမ ၅၉၉)ပေါ်ရှိ အဆောက်အအုံများ နေရာတွင် ခေတ်မီတစ်ထပ်ဈေးကြီး တည်ဆောက်ခဲ့သဖြင့် နစ်နာမှုဖြစ်ခဲ့သော မူလမြေပိုင်ရှင်များအား မည်ကဲ့သို့ ဖြေရှင်းပေးခဲ့သည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ၁၉၉၅ ခုနှစ်



ဒုတိယဝန်ကြီး
ဦးကျော်ကျော်ဝင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ဒေသလိုအပ်ချက်အရ စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် အကွက်အမှတ်(၃၈) မြို့မဈေးအကွက် ဧရိယာ (သုည ဒသမ ၄၂၈)ဧကအတွင်း မြို့မဈေးဟောင်းအနီး၌ ဒေသအုပ်ချုပ်ရေးစီမံခန့်ခွဲမှုဖြင့် ခေတ်မီဈေးသစ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြို့မဈေးသစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့စဉ်က မြေသိမ်းခံရသူများအား မြို့မဈေးသစ်အနီးရှိ ငွေနဒီတိုက်ခန်းအိမ်ရာ၌ တိုက်ခန်း (၁)ခန်းစီ ဝယ်ယူခွင့်ပြုခဲ့ရာ တိုက်ခန်းဝယ်ယူခဲ့သူ (၁၂)ဦးရှိပြီး တိုက်ခန်းမဝယ်ယူခဲ့သူ (၃)ဦးရှိသည်ကို သိရှိရပါကြောင်း။

ကျေးပင်ကြီးရပ်ကွက် ကမ်းနားလမ်းနှင့် မြို့မဈေးကြီးလမ်းထောင့် အကွက်အမှတ်(၃၈)မှ ဘိုးဘွားပိုင်မြေပိုင်ရှင်(၁၅)ဦး တင်ပြလာခြင်းနှင့်ပတ်သက်၍ စစ်တွေမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်တွင် ယခုအခါ ဈေးသစ်ကြီးသည် ဒေသအခြေအနေ လိုအပ်ချက်အရ ဈေးဆိုင်တန်းများ ဖွင့်လှစ်ရောင်းချနေပြီဖြစ်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဈေး



ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ
ဒေါက်တာအေးမောင်

မြေနေရာအား စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့သော မြို့နယ်စည်ပင်သာယာရေး ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဘိုးဘွားပိုင်မြေပိုင်ရှင်(၁၅)ဦးအား ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြေယာနှင့် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိပါက ရခိုင်ပြည်နယ်မြေယာစီမံခန့်ခွဲရေးကော်မတီအနေဖြင့် ဘိုးဘွားပိုင် မြေပိုင်ရှင်(၁၅)ဦးအား ဦးစားပေးစဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်၏ **"လောင်းလုံမြို့နယ် စခန်းသစ် အခြေခံပညာမူလတန်းကျောင်းဟောင်းကို ဖျက်သိမ်းပြီး (၁၂၀×၃၀) ပေ (RC) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေးအစီအစဉ်၊ ကျောင်းအလိုက်တန်းစီဇယားအရ လောင်းလုံမြို့နယ် စခန်းသစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား (၉၀×၃၀) RCC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ် (၄၈ ဒသမ ၆၀)သန်းကို လျာထားတင်ပြပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အစည်းအဝေး အပြီးတွင် အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ဒီမိုကရေစီပညာရေး လှုပ်ရှားမှုဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမတွင် ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာခဲ့သည့် အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးသိရှိနိုင်ရန် ဗီဒီယိုထုတ်လွှင့်ပြသခဲ့သည်။

**(သတင်းစဉ်)**

**National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။**

# ဥပဒေရေးဆွဲရေး အလေးပေးစဉ်းစားစရာ

ဦးဟန်ညွန့်(ဥပဒေ)

**တရားမျှနှင့်ညီရမည့်အချိန်**

**အမျိုးသားပညာရေးဥပဒေနှင့်စပ်လျဉ်း၍** တစ်နိုင်ငံလုံး အုံးအုံးကျွက်ကျွက်၊ တက်တက်ကြွကြွ ဆွေးနွေးကြသည့်အချိန်။ ဥပဒေကြမ်းအပေါ် အမြင်အမျိုးမျိုးဖြင့်ဆွေးနွေး၊ လေ့လာ၊ အကြံပြုကြသည့်အချိန်။ ဤအချိန်သည် အရေးကြီးသည်။ သတိနှင့်ယှဉ်ရမည့်အချိန်။ အသိနှင့်ယှဉ်ရမည့်အချိန်။ အမှားမခံနိုင်သည့်အချိန်။ တရားမျှနှင့်ညီရမည့် အချိန်။

**ဥပဒေလေ့လာသူ၏တာဝန်**

တက္ကသိုလ်ဥပဒေကျောင်းသားဘဝမှစတင်၍ အလုပ်ထဲရောက်ခဲ့သည့် ဥပဒေအရာရှိ၏အတွေ့အကြုံ၊ အငြိမ်းစားဘဝမှာလည်း တရားလွှတ်တော်ရှေ့နေ၊ ဥပဒေအကြံပေး၊ စာရေးဆရာ စသည့်ဥပဒေလေ့လာသူတစ်ဦး၏ တာဝန်ကို ကျေပွန်လိုသည်။ တရားမျှတရေးဦးတည်ချက်ဖြင့် အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်၊ ကျောင်းသားအများစု၏ ရင်ထဲကစေတနာကို လေးစားဂုဏ်ပြုစွာ ဥပဒေရေးဆွဲရေး၊ အလေးပေးစဉ်းစားစရာများကို မျှမျှတတ အကြံပြုတင်ပြအပ်ပါသည်။

**ဥပဒေများစိစစ်ရေးဆွဲရေး**

ရှေ့နေချုပ်ရုံး၊ ဥပဒေများစိစစ်ရေးဆွဲရေးဌာနတွင် ဌာနတာဝန်ခံအဖြစ် ထမ်းဆောင်ခဲ့စဉ်က မရပ်မနား၊ မအိပ်မနေ ကြိုးပမ်းထမ်းဆောင်ခဲ့ရသော ဥပဒေရေးဆွဲရေးတာဝန်ကိုလည်း ပြန်လည်သတိရသည်။ ဥပဒေများစိစစ်ရသည်။ ရေးဆွဲရသည်။ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရသည်။ ဥပဒေများ ဘာသာပြန်ရသည်။ ဥပဒေများ ပြန်လည်သုံးသပ်ရသည်။ ၂၀၀၁ ခုနှစ် ရှေ့နေချုပ်ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က ဥပဒေအရာရှိဘဝ မမေ့ပါ။

**လုပ်ငန်းတာဝန်**

ဥပဒေများစိစစ်ရေးဆွဲခြင်းအတွက် နိုင်ငံတော်ကဖြစ်စေ၊ အစိုးရအဖွဲ့ကဖြစ်စေ ဥပဒေကြမ်းများရေးဆွဲတင်ပြရန် တာဝန်ပေးသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိတို့စီမံခန့်ခွဲသည့် ဥပဒေမူကြမ်းများကို ကနဦးရေးဆွဲသည်။ အဆိုပါမူကြမ်းများကို စိစစ်ရေးဆွဲရသည်။ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ရမည့် ဥပဒေမူကြမ်းများအတွက်မူ စတင်ရေးဆွဲရခြင်းမျိုးလည်း ကြုံဖူး၊ တွေ့ဖူးသည်။ အတွေ့အကြုံအချို့တင်ပြပါရစေ။

**အဓိကအခြေခံ**

ဥပဒေရေးလျှင် ဘယ်လိုအခြေခံမှုတွေကို အဓိကအခြေခံမည်လဲ။ နေ့စဉ်ကြုံခဲ့၊ တွေ့ခဲ့၊ သတိပြုခဲ့တာတွေပါ။

(က) နိုင်ငံတော်၏မူဝါဒ၊ ဦးတည်ချက် ဘာလဲ။
(ခ) နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား အလေးထား၊ ကာကွယ်စောင့်ရှောက်ပါ။
(ဂ) နိုင်ငံတော်တည်တံ့ခိုင်မြဲဖို့ သတိပြု။ လုံခြုံရေးအန္တရာယ်ကာကွယ်ပါ။
(ဃ) နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေ ရှိပါစေ။
(င) အများပြည်သူ၏ လုံခြုံရေးကို မထိခိုက်စေရ။
(စ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မထိခိုက်စေရ။ အရေးအသား အသုံးအနှုန်းရှောင်ကြဉ်ပါ။
(ဆ) တိုင်းရင်းသားဓလေ့ထုံးစံများ မထိခိုက်စေရ။
(ဇ) ဝန်ကြီးဌာနအချင်းချင်း၏ လုပ်ပိုင်ခွင့်များ မရောထွေးရ။
(ဈ) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ မြန်မာနိုင်ငံက လက်ခံထားသောအချက်များနှင့် မဆန့်ကျင်စေနှင့်။ အချုပ်အခြာအာဏာကို မထိပါးစေနှင့်။
(ည) ဥပဒေနှင့်စပ်ဆိုင်သည့် မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်ပြည့်စုံစုံပါရှိပါစေ။

ဤအချက်တွင် ယနေ့တိုင် ကျွန်တော်မမေ့နိုင်သေး။ ဥပဒေရေးဆွဲသူတစ်ဦးအတွက် "အသက်"ပမာ အရေးကြီးလှပါသည်။ ဘက်စုံ၊ ထောင့်စုံကြည့်ရပါသည်။ ဥပဒေတစ်ရပ်ရေးဖို့ ပြောသလောက်မလွယ်လှပါ။ မိမိအတွေ့အကြုံကို ပြန်လည်တင်ပြရခြင်းပါ။ ထို့ပြင် ယနေ့ချိန်ခါ ဥပဒေရေးဆွဲပုံကို လေ့လာစေချင်သေးသည်။

**ရေးထုံးရေးနည်းများ**

ကျွန်တော်က စာရေးဆရာတစ်ယောက်ဖြစ်သည်။ စာရေးဆရာတစ်ယောက်ဖြစ်သည်ဆိုခြင်းကြောင့် **"ဥပဒေရေးတာ ဘာခက်သလဲ။ ဝတ္ထုရေးသလို၊ ဆောင်းပါးရေးသလို၊ ကဗျာရေးသလို ဖွဲ့ဖွဲ့နွဲ့နွဲ့၊ ပေါ့ပေါ့ပါးပါးရေးရင် မရဘူးလား"** ဟု မေးကြည့်ရာ (ထိုစဉ်က) ရှေ့နေချုပ် အဘ ဦးအေးမောင်က ရယ်ပါတယ်။ ပြီးတော့ ရှေ့နေချုပ် နည်းဥပဒေများ၊ အခန်း (၂) ပါ ဖော်ပြချက်များကို တစ်ပိုဒ်ချင်းဖတ်ပြ၊ ရှင်းပြ၊ ပြောပြပါတယ်။ ထိုအခါကျမှရှေ့နေချုပ် အဘ ဦးအေးမောင်ရှင်းပြသော ဥပဒေပြဋ္ဌာန်းရခြင်း၏ရည်ရွယ်ချက်၊ ဥပဒေအမည်ကို မည်သို့ခေါ်ဆိုပုံ၊ ဥပဒေပြဋ္ဌာန်းသည့် ခုနှစ်သက္ကရာဇ်ကို သာမန်အားဖြင့် မထည့်ရပုံ၊ ဥပဒေစတင်အာဏာတည်သည့် နေ့ရက်နှင့်စပ်လျဉ်း၍ ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို လိုက်နာရပုံ၊ ဥပဒေရေးဆွဲသူတိုင်း စကားရပ်အနက်အဓိပ္ပာယ်ဖွင့်ပုံကို နားလည်မှ၊ တတ်ကျွမ်းမှုဖြစ်မည့်အကြောင်း၊ သာမန်မြန်မာစကားနှင့် ရင်းနှီးကျွမ်းဝင်ရုံနှင့် မလုံလောက်ကြောင်း စသည် စသည် ပါဝင်ပါသည်။ ရေးရေးကလေး ကျွန်တော်သဘောပေါက်ခဲ့ပါသည်။ ပြီးပြည့်စုံကား နားမလည်သေး။

**ဥပဒေရေးဆွဲရေး အတွေ့အကြုံများ**

တစ်စတစ်စနှင့် လုပ်ရင်းကိုင်ရင်း အတွေ့အကြုံရလာမှ ဥပဒေရေးဆွဲရေးအလုပ်သည် သာမန်လွယ်လွယ်ကူကူ၊ ပေါ့ပေါ့ဆဆ၊ အချိန်မယူဘဲ ချက်ချင်းလက်ငင်းလုပ်၍ မရမှန်းသိလာပါသည်။ အကြောင်းအရာတွေ မထပ်ဖို့၊ မြန်မာသဒ္ဒါ၊ သတ်ပုံ၊ ဝေါဟာရမှန်ကန်ဖို့၊ ရှည်လျားထွေပြားသော ဝါကျများ မသုံးဖို့၊ မတိုလွန်းဖို့၊ အဓိပ္ပာယ်မရှုပ်ထွေးဖို့၊ အများပြည်သူနားလည်ဖို့၊ စကားပြောဟန်မရေးဖို့၊ စကားရပ်များ ရှေ့နောက်ညီညွတ်ဖို့၊ ဥပဒေလိုက်နာသူများ လက်တွေ့ကျင့်သုံးသည့်အခါ လွယ်လွယ်ကူကူဖြစ်ဖို့၊ လိုအပ်ပါက ပြစ်မှုနှင့် ပြစ်ဒဏ်ဖော်ပြရေးသားဖို့၊ ဥပဒေ နောက်ဆုံးအခန်းကို အထွေထွေအခန်းဟု ဖော်ပြဖို့ စသည် စသည် စုံလင်လှပေသည်။ ကျွန်တော့်အတွေ့အကြုံများဟု ဆိုရာတွင်လည်း မိမိကိုယ်မိမိ စုံလင်လှပြီ၊ အမှားကင်းပြီဟု ကြွားဝါတင်ပြရခြင်းမဟုတ်ပါ။ ဥပဒေသဘောကို သိသမျှ ပြန်လည်တင်ပြခြင်းသာပါ။

**ပြီးပြည့်စုံသော ဥပဒေ**

ဥပဒေနယ်ပယ်တွင်ဆိုရိုးစကားတစ်ခုရှိပါသည်။ **မည်သူမျှ ပြီးပြည့်စုံသော ဥပဒေကို ရေးဆွဲခြင်းမပြုနိုင် (NO MAN CAN WRITE A PERFECT LAW)** တဲ့။ ရေးသည့်အချိန်တွင် အကောင်းဆုံးရေးခဲ့သည်မှာသေချာပါသည်။ ဘက်စုံစဉ်းစားသုံးသပ်ခဲ့သည်မှာထင်ရှားပါသည်။ သို့သော်ငြားမည်မျှပင် ပြည့်စုံခဲ့သည်ဟု ထင်ထင်၊ ယနေ့နှင့် မနက်ဖြန် တူနိုင်မည်မဟုတ်။ အချိန်သည် တရွေ့ရွေ့၊ အခြေအနေသည် ချက်ချင်း၊ ကာလသည် ဘာမျှမကြာ၊ ပြင်စရာ၊ ပြောစရာ၊ လက်ညှိုးထိုးစရာ၊ ဝေဖန်ထောက်ပြစရာ၊ ဒါလေးတော့ ကျန်ခဲ့သည်။ ဒီအချက်ကတော့ မေ့သွား၍ အတည်ပြုပြဋ္ဌာန်းပြီးမှ သတိရတော့သည့်အဖြစ် ကြုံတတ်ပါတယ်။ သည်သို့ ဤသို့ ချို့ယွင်းချက်၊ အားနည်းချက်များ၊ အတွေ့အကြုံများ၊ စေတနာများ၊ ဝေဒနာများ၊ စနစ်များ၊ ဝါဒများ၊ လောဘများ၊ ဒေါသများ၊ မောဟများနှင့် ရောယှက်သည့်အခါ ဥပဒေရေးဆွဲရေး၏ ဥပဓိရုပ်သည် ပြောင်းလဲပြောင်းလဲ၍ သွားပြန်လေသည်။ လိုရာခရီးသို့ အပြီးတိုင် မရောက်နိုင်။ ဝေး၍ ဝေး၍ သွားပြန်ပါပြီ။ ဘယ်လိုလုပ်ကြမည်နည်း။

**ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ ရေးရတော့မည်**

ကျွန်တော်အငြိမ်းစားယူပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ ဥပဒေပြုရေးခေတ်(ပြည်ထောင်စုလွှတ်တော်ခေတ်)တွင် ဥပဒေပြုရေးမှာ ပြည်ထောင်စုလွှတ်တော်၌တည်သည်။ အခြေခံဥပဒေ၊ အခန်း (၄) ဥပဒေပြုရေး ပြဋ္ဌာန်းချက်ကို လိုက်နာရသည်။ အခြေခံဥပဒေပုဒ်မ ၉၅ အရ ဥပဒေပြုသည်၊ အခြေခံဥပဒေပုဒ်မ ၁၀၀ အရ ဥပဒေကြမ်းတင်သွင်းသည်။ ပုဒ်မ ၁၀၁၊၁၀၂ တို့အရ ဥပဒေကြမ်းတင်သွင်းပုံ၊ ဆွေးနွေးပုံများ ပြဋ္ဌာန်းထားသည်။ အခြေခံဥပဒေပုဒ်မ ၁၀၅၊၁၀၆၊ ၁၀၇၊ ၁၀၈ တို့အရ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာပုံ အဆင့်ဆင့်ဖော်ပြထားသည်။ လေ့လာဖတ်ရှုသူတိုင်းသိကြပါသည်။

**ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ**

၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ၂၆-၁၁-၂၀၁၂ နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ အရ ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ပါသည်။ ဥပဒေပြုသူတိုင်း ဖတ်ရမည့် ဥပဒေဖြစ်သည်။

**နည်းဥပဒေများ**

၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၃ ဖြင့် ၆-၂-၂၀၁၃ နေ့တွင် ထုတ်ပြန်သည်။ နည်းဥပဒေများ အခန်း (၁၈) တွင် လွှတ်တော်သို့ စတင်တင်သွင်းသည့်ဥပဒေကြမ်းများအကြောင်း ဖော်ပြသည်။ ဥပဒေကြမ်းများပေးပို့ခြင်း၊ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ဆောင်ရွက်ခြင်း၊ ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဥပဒေကြမ်း ဆွေးနွေးခြင်း၊ အမျိုးသားလွှတ်တော်သို့ပေးပို့ခြင်း၊ ဆောင်ရွက်ခြင်း၊ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်း၊ ပြင်ဆင်ချက်ကို သဘောတူခြင်း၊ သဘောမတူခြင်း၊ ဆက်လက်ဆောင်ရွက်ခြင်းစသည်များ ဖော်ပြထားသည်။ သို့ဖြစ်၍ နည်းဥပဒေများကိုလည်း ဖတ်ဖို့၊ သိဖို့လိုပါမည်။

**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

ယခုအခါ **"အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြည်သူတို့ လေ့လာအကြံပြုနိုင်ကြလေပြီ။ အမျိုးသားလွှတ်တော်ကလည်း ဖိတ်ခေါ်ကြားနာနေသည်။ မူဘောင်အတွင်းက အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ် ထောက်ပြ ဝေဖန်နိုင်ကြပေပြီ။ အမျိုးသားပညာရေးဥပဒေဟု အမည်ပေးထားသည့်အတိုင်း တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည်။ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားရမည်။ ကျောင်းသားစိတ်၊ မိဘစိတ်၊ ကျောင်းဆရာစိတ်၊ ပြည်သူအားလုံး၏ စိတ်ဆန္ဒတူညီကြသည်။ တစ်သွေးတည်း၊ တစ်သားတည်းအားခဲ၍ ဥပဒေရေးကြသည်။ ဥပဒေရေးသည်ဆိုမှတော့ ဥပဒေနှင့်ညီရမည်။ **ဥပဒေနှင့်မညီလျှင် ဥပဒေမဖြစ်နိုင်**။ စာတွေ့ကိုယ်တွေ့ တင်ပြရခြင်းပါ။

**ဥပဒေနှင့်မညီလျှင် ဥပဒေမဖြစ်နိုင်**

တရားဥပဒေဟူသည် မျှတသည်။ အများလက်ခံသည်။ တစ်ဦးတစ်ယောက် ကျေနပ်ရုံဖြင့် မလုံလောက်။ ဥပဒေပြုသည်။ ဖြတ်ထုံးရှိမည်။ ဓလေ့ထုံးတမ်းပါမည်။ သဘောတူညီချက်ရှိသည်။ ပြည်သူညီတူသည်။ ပြည်သူကြည်ဖြူသည်။ စနစ်ကျသည်။ စည်းကမ်းရှိသည်။ ခိုင်မြဲသည်။ ခုမြင်ခုပျောက်၊ ယနေ့ပြဋ္ဌာန်း မနက်ဖြန် ပယ်ဖျက်မဖြစ်ရ။ မဖြစ်သင့်။ ခဏခဏပြင်၊ တည်ငြိမ်မှုမရှိသော ဥပဒေမဖြစ်သင့်။ နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ် ပြည့်စုံသင့်သည်။ ကမ္ဘာ့အလယ်တွင် ဝင့်ထည်သော ဥပဒေ။ မြန်မာ့အမျိုးသားပညာရေးဥပဒေ။ ဦးတည်ပေသည်။ သက်ဆိုင်သူအားလုံး မမေ့မလျော့။ မပေါ့ဆစေလိုပါ။

**ပညာရှင်များအလေးထား**

ဥပဒေပညာရှင်များ၊ ပညာရေးသုတေသီများ၊ အငြိမ်းစားပါမောက္ခချုပ်ကြီးများ၊ နိုင်ငံခြားမှ ဖိတ်ကြားခံရသော ပညာရှင်ကြီးများ၏ အခန်းကဏ္ဍကို မမေ့အပ်။ အလေးအမြတ်ထားပြီး ပညာရှင်ကြီးများ၏ အကြံဉာဏ်အား၊ စေတနာအား၊ အားများစွာကို သေသေချာချာ နာယူအပ်သည်။ တူရာရွေးနုတ်၊ ထုတ်နုတ်ပြုစု၊ ဂရုပြုအပ်သည်။ လိုတိုးပိုလျှော့ ဖြေလျှော့စေချင်သည်။ "ငါနှင့်မတူ၊ ငါ့ရန်သူ"၊ "ဘယ်သူဘာပြောပြော ငါပြောတာမှအမှန်၊ ငါ့အမိန့်ဖြစ်ကို လက်ခံရမယ်" ဟူသော ငါတကောကောခြင်းကို လုပ်သင့်ပါမည်လား။ အယူအဆ၊ အဖြူအမည်း၊ မကွဲလွဲရဟူကား မတားမြစ်ပါ။ ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ ဒီမိုကရေစီပီသခြင်း၊ လူကြီးလူကောင်းဆန်ခြင်း၊ အပြန်အလှန်လေးစားချစ်ခင်ခြင်းတို့သည်ကား မင်္ဂလာ။ နောင်စဉ်ဆက်၊ ခေတ်အဆက်ဆက် သမိုင်းမော်ကွန်းတင်မည့် အနာဂတ်ကိုပိုင်စိုးသော လူငယ်ကျောင်းသားတို့၏ အားမာန်။ ကျောင်းသားတို့၏ စေတနာကိုဘေးဖယ်ထား၍မရ။ ဝိုင်းကြ၊ ဝန်းကြ၊ ဆွေးနွေးကြ၊ ရေးသားကြရမည်သာ။ သက်ကြီးစကား သက်ငယ်လေးစားကြသကဲ့သို့ သက်ငယ်စကား သက်ကြီးများက မေတ္တာထားရမည်သာ။ အပြန်အလှန်ယုံကြည်လေးစားမှု လိုအပ်လှပါ၏။ မယုံမရှိ၊ ကိုယ်တွေ့ပါ။

**ပြန်ပြောင်း နောင်တ**

ပြန်ပြောင်းနောင်တရခဲ့ပါပြီ။ သို့သော်ငြား ယနေ့တိုင် မမေ့နိုင်။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်။ ပထမနှစ် တက္ကသိုလ်ကျောင်းသားဘဝတုန်းကပါ။ ၁၉၆၇ ခုနှစ်ဟု တိတိကျကျဆိုပါရစေ။ တက္ကသိုလ်ဥပဒေပညာအသင်းအမှုဆောင်ရွေးချယ်ပွဲဖြစ်ပါသည်။ ဥပဒေပထမနှစ်ကျောင်းသား ကိုယ်စားလှယ်အဖြစ် ကျွန်တော်အရွေးခံရသည်။ ရွေးချယ်မှုစည်းမျဉ်းပါ ပုဒ်မတစ်ခုအကြောင်း ကျောင်းသားသူငယ်ချင်းတစ်စုနှင့် ငြင်းခုံကြသည်။ တက်ကြွသည့်အရွယ်။ ဆတ်ဆတ်ထိမခံသည့် ကျောင်းသားဘဝတုန်းကပါ။ **"ဒီစည်းမျဉ်း၊ ဘယ်သူရေးတာလဲကွ"**ဟု ဒေါသပေါက်ကွဲသည်။ **"ရှင်းရှင်းလင်းလင်း မရေးရကောင်းလား"**ဟု ကျွန်တော်အပြစ်တင်သည်။ ကျောင်းသားအချင်းချင်း ငြင်းကြ၊ ခုံကြသည်။ အဆုံးအဖြတ်မရ။ နောက်ဆုံး ဥပဒေပါမောက္ခဆရာကြီး ဦးလှအောင်၏ ရုံးခန်းအထိ ရောက်ရှိခဲ့သည်။ ပါမောက္ခ ဆရာကြီးက-

**"ရေးထားတဲ့ ဥပဒေစည်းမျဉ်းက ရှင်းရှင်းလေးပါကွယ်။ မရှင်းတာက မောင်ကျောင်းသားပါ။ မင်းကငယ်သေးတာကိုး။ ပထမနှစ်မို့ လေ့လာရဦးမှာ။ ဒီစည်းမျဉ်းက ဆရာကိုယ်တိုင်ရေးဆွဲထားတာပါကွယ်"**

ဟုဆိုကာ တည်ငြိမ်စွာ အေးဆေးစွာ၊ မိဘနှင့်သားသမီးပမာ ကျွန်တော့်အား ရှင်းပြပါသည်။ ထိုအခါ **"ဒီစည်းမျဉ်း ဘယ်သူရေးတာလဲကွ"** ဟု ဒေါသပေါက်ကွဲခဲ့သော ကျွန်တော်အနေဖြင့် မည်မျှအရှက်ရခဲ့ပါသနည်း။ တကယ့်အဖြစ်အပျက်မို့ ၁၉၆၇ ခုနှစ်က (နှစ်ပေါင်း ၅၀ နီးပါးကြာပြီ) ဖြစ်သော်လည်း ကျောင်းနေဖက် သူငယ်ချင်းများမှတ်မိကြဦးမည်ထင်သည်။ ပြန်ပြောင်းနောင်တရသူက ကျွန်တော်ပါ။ ထိုနောင်တမှာ ဤမျှနှင့်မပြီးသေး။ နိဂုံးတင်ပြချက်သာ ဖတ်ကြည့်ပါဗျာ---။

**နိဂုံးတင်ပြချက်**

ကံကြမ္မာဟုဆိုရလေမည်လား။ အဆိုပါ ပါမောက္ခဆရာကြီး ဦးလှအောင်သည် ၁၉၇၃ ခုနှစ်တွင် နိုင်ငံတော်ရှေ့နေချုပ်ဖြစ်လာပါသည်။ ကျွန်တော်ကလည်း ဥပဒေအရာရှိ သင်တန်းသားဖြစ်လာပြီး ဆရာကြီးနှင့် ထပ်မံဆုံရပြန်ပါသည်။ ဆရာကြီးက ရှေ့နေချုပ်အဖြစ်၊ တပည့်က သင်တန်းသား ဥပဒေအရာရှိအဖြစ်နှင့်ပါ။ ဥပဒေရေးဆွဲရေး သင်တန်းပေးရင်း ဆရာကြီးက "ဥပဒေစည်းမျဉ်းရေးတတ်ပြီလား" ဟု ကျွန်တော့်ကို မေးပါသည်။ ဘာပြန်ဖြေရမည်မသိပါ။ ရှက်ရှက်နှင့်ကျွန်တော်ခေါင်းညိတ်လျက် မျက်ရည်ဝဲနေမိပါသည်။ တကယ်တော့ ကျွန်တော်"ငို" နေတာပါ။ ခွင့်လွှတ်ပါ ဆရာကြီးခင်ဗျား---။ ။

# ကမ္ဘာပတ်မည့်နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလေယာဉ်ဖြစ်သည့်Solar Impulse(Si 2) လေယာဉ် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခန့်မှန်း မတ် ၁၆ ရက် ရောက်ရှိမည်

**ရန်ကုန်　မတ်　၉**

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၈ ရက် နံနက်ပိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်ခန်းမ၌ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပထမဆုံးအကြိမ် ကမ္ဘာပတ်မည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလေယာဉ်ဖြစ်သည့် Solar Impulse (Si2) လေယာဉ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မတ် ၁၆ ရက်တွင် ရောက်ရှိလာမည့် လေယာဉ်အား ကြိုဆိုရေး၊ နေရာချထားရေး၊ လေယာဉ်ရပ်နားမည့် လုပ်ငန်းအစီအမံများ၊ လေယာဉ်အား လေ့လာကြမည့် ကျောင်းသား ကျောင်းသူများ လေ့လာနိုင်မည့်အခြေအနေများကို လည်းကောင်း၊ လေဆိပ်အတွင်း လုံခြုံရေးနှင့်လေ့လာကြမည့် ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများအတွက် လုံခြုံရေးချထားမှု အစီအမံများကိုလည်းကောင်း၊ အဆိုပါလေယာဉ် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မဆင်းသက်မီ ပုဂံဒေသရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ပုဂံဘုရား စေတီ ပုထိုးများ နောက်ခံပြု၍ ရဟတ်ယာဉ်ဖြင့် မှတ်တမ်းတင် ဗီဒီယို၊ ဓာတ်ပုံများ ရိုက်ကူးမည့် အစီအစဉ်များအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆွစ်ဇာလန်သံရုံးမှ တာဝန်ရှိသူများက အသီးသီးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆိုလာလေယာဉ်ကြိုဆိုဧည့်ခံရေး၊ လေယာဉ်နေရာချထားမှု အခြေအနေ၊ ယာဉ်ရပ်နားမည့်နေရာနှင့် ရှင်းလင်းဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ လေယာဉ်အထောက်အကူပြုအဖွဲ့ရုံး ပြီးစီးမှုအခြေအနေ၊ လေယာဉ်ရပ်နားရာနေရာ လေယာဉ်ပြေးလမ်းတစ်လျှောက် ရှင်းလင်းခြင်း၊ ပြေးလမ်းအမှတ်အသားများ မွမ်းမံပြင်ဆင်ထားရှိမှု၊ လေ့လာရေးအစီအစဉ်များနှင့် လုံခြုံရေးအစီအမံများ၊ လေကြောင်းထိန်းမျှော်စင်မှ လေယာဉ်ပျံသန်းရေး၊ လေယာဉ်လမ်းညွှန်ထိန်းကျောင်းမှုနှင့် လေယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံများအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အဆိုပါ ဆိုလာလေယာဉ်အား ရှေးဟောင်း အမွေအနှစ်ဖြစ်သည့် ပုဂံဒေသကို နောက်ခံပြု၍ ရဟတ်ယာဉ်ဖြင့် အနိမ့်ပျံဝဲပြီး မှတ်တမ်းတင်များရိုက်ကူးနိုင်ရေး၊ သက်ဆိုင်ရာပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

အဆိုပါ ပထမဦးဆုံးအကြိမ်အဖြစ် ကမ္ဘာပတ်မည့်နေရောင်ခြည်စွမ်းအင်သုံး Solar Impulse (Si 2)လေယာဉ်သည် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့မှ စတင်ထွက်ခွာပြီး အိုမန်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှတစ်ဆင့် မြန်မာနိုင်ငံ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခန့်မှန်း မတ်လ ၁၆ ရက် ညနေပိုင်းတွင် ရောက်ရှိပြီး နှစ်ရက်တာ ညအိပ်ရပ်နားမည် ဖြစ်သည်။ မူလက မတ် ၈ ရက်တွင် ရောက်ရှိရန်ဖြစ်သော်လည်း ရာသီဥတုအခြေအနေအရ ရွှေ့ဆိုင်းခဲ့ရပြီး မန္တလေးမှ တရုတ်နိုင်ငံသို့ ဆက်လက်ထွက်ခွာကာ ဥရောပတိုက် တောင်ပိုင်း၊ အာဖရိကတိုက်မြောက်ပိုင်းတို့မှတစ်ဆင့် အဘူဒါဘီ မြို့တွင် ခရီးစဉ်ပြီးဆုံးမည့် ပထမဦးဆုံးသော ကမ္ဘာတစ်ပတ်ခရီးစဉ်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေး ချမ်းမြသာစည်လေဆိပ်သို့ရောက်ရှိလာရာ လေဆိပ်ခန်းမတွင် တာဝန်ခံက ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည် လေဆိပ်အဆောက်အအုံ၊ လေကြောင်းလမ်းညွှန်စက် Enroute VOR နှင့် လေယာဉ်ရပ်နားရာနေရာ၊ လေယာဉ်ပြေးလမ်းတို့အားလည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန မန္တလေး မိုးလေဝသရုံးဝန်ထမ်းအိမ်ရာ အဆောက်အအုံများ၊ မိုးလေဝသ ရေဒါဆောက်လုပ်မည့်နေရာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**




# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်ဝင်ကြေးကောက်ခံရရှိမှု တိုးတက်လာ

**နေပြည်တော်　မတ်　၉**

ပုဂံခေတ်သည် အေဒီ ၉ ရာစုမှ ၁၃ ရာစုထိထွန်းကားခဲ့ပြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး၊ ဗိသုကာ တန်ဖိုးမြင့်မားလှသည့် ရှေးဟောင်းစေတီ၊ ပုထိုးပေါင်း ၃၁၂၂ ဆူကို ၁၉ စတုရန်းမိုင်ကျယ်ဝန်းသော နေရာဒေသတစ်ခုအတွင်း တစုတဝေးတည်းလေ့လာနိုင်သည့်နေရာတစ်ခုဖြစ်သည်။ ထိုကဲ့သို့ တန်ဖိုးမြင့်မားသည့် ရှေးဟောင်းအဆောက်အအုံများထောင်ချီ၍ တစုတဝေးတည်းတည်ရှိရာနေရာသည် ကမ္ဘာပေါ်တွင် ပုဂံတစ်ခုတည်းသာရှိသည်။ ထို့အတွက် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အများအပြားလာရောက်လည်ပတ်ကြသော နေရာတစ်ခုအဖြစ်တည်ရှိသည်။

ပုဂံဒေသ၏ ထင်ရှားကျော်ကြားလှသော ဗိသုကာ၊ အနုပညာလက်ရာများကြောင့် ပုဂံဒေသသည် ကမ္ဘာပေါ်တွင် လည်ပတ်စရာအကောင်းဆုံး ၁၀ နေရာ၌ ပါဝင်ခဲ့သည်။ ထိုသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများအတွက် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်ဝင်ကြေးကောက်ခံမှုများကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဝန်ထမ်းများက ၁၉၉၆ ခုနှစ် မြန်မာ့ကမ္ဘာ့လှည့်ခရီးသွားနှစ်မတိုင်မီ ၁၉၉၄ ခုနှစ် အောက်တိုဘာမှစတင်၍ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာနှုန်းဖြင့် ကောက်ခံခဲ့ပြီး တစ်ဆက်တည်း ခုနစ်ရက်အသုံးပြုခွင့်ပေးခဲ့သည်။ ယင်းနောက် ၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်နေ့မှစတင်၍ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာတိုးမြှင့်ကောက်ခံခဲ့ပြီး အသုံးပြုခွင့်ကို ယခင် ခုနစ်ရက်မှ ငါးရက်သို့လျှော့ချခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ အမေရိကန်ဒေါ်လာ ၂၀ ပြင်ဆင်တိုးမြှင့်ပြီး ယခင်အတိုင်း ငါးရက်အသုံးပြုရန်ခွင့်ပြုထားသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲအနေဖြင့် ပုဂံဒေသသို့ဝင်ရောက်လာသည့် နိုင်ငံခြားသားများအတွက် ဇုန်ဝင်ကြေးကောက်ခံသည့်နေရာ ခြောက်ခုဖွင့်လှစ်ပြီး ကောက်ခံလျက်ရှိရာ တချို့သောခရီးသွားများမှာ မော်တော်ယာဉ်ရပ်မပေးခြင်း၊ ခရီးသွားများပြားသည်ကို အခွင့်ကောင်းယူ၍ ဇုန်ဝင်ကြေး မပေးဆောင်ခြင်းများရှိခဲ့သည့်အတွက် ရှောင်တခင်စစ်ဆေးရေးအဖွဲ့နှစ်ဖွဲ့ထားရှိပြီး ဇုန်ဝင်ကြေးမပေးဆောင်ရသေးသည့် ခရီးသွားများအား ဇုန်ဝင်ကြေးပေးဆောင်စေခဲ့သည်။

အဆိုပါ ဇုန်ဝင်ကြေးကောက်ခံသည့်နေရာ ခြောက်ခုမှာ ညောင်ဦးလေဆိပ်၊ ညောင်ဦးသာယာဝတီရေဆိပ်၊ ပုဂံရောဇက်ဆိပ်၊ ကျောက်ပန်းတောင်းမြို့ဘက်မှအဝင်၏ ရွှေ့ဂိတ်၊ ပခုက္ကူမြို့နှင့် မြင်းခြံမြို့ဘက်မှအဝင် လက်ပံခြေပေါ်ဂိတ်၊ ချောက်မြို့ဘက်မှအဝင် ပုဂံမြို့သစ်ဂိတ်တို့ဖြစ်ပြီး ရှောင်တခင်စစ်ဆေးရေးအဖွဲ့ နှစ်ဖွဲ့မှာ ရွှေဆံတော်ဘုရား အခြေပြုရှောင်တခင်စစ်ဆေးရေးဂိတ်၊ ထီးလိုမင်းလိုဘုရားအခြေပြုရှောင်တခင်စစ်ဆေးရေးဂိတ်တို့ဖြစ်ပါသည်။

ထိုသို့ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ဇုန်ဝင်ကြေးကောက်ခံရရှိမှုမှာလည်း ခရီးသွားများ တိုးတက်လာ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခရီးသွား ၁၉၈၀၅၁ ဦးထံမှ အမေရိကန်ဒေါ်လာ ၂၆ သိန်းခန့်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (မတ်လမပါ) ခရီးသွား ၂၁၄၂၈၄ ဦးထံမှ အမေရိကန် ဒေါ်လာ ၃၂ သိန်းခန့်ထိ တိုးတက်ရရှိလျက်ရှိသည်။ ကောက်ခံမှုများတွင် နိုင်ငံတော်ဧည့်သည်များ၊ ဌာနဆိုင်ရာလုပ်ငန်းဆောင်ရွက်ရန် ရောက်ရှိလာသော နိုင်ငံခြားသားများပါဝင်မှုမရှိပါ။

သို့ဖြစ်ပါ၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဝင်ရောက်လေ့လာသည့် နိုင်ငံခြားသားခရီးသွားများထံမှ ကောက်ခံရရှိငွေများသည် နိုင်ငံတော်၏ ရငွေစာရင်းတွင် တိုးတက်ရရှိနေပါကြောင်းနှင့် တိုးတက်ရရှိစေရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက နိုင်ငံခြားသား ခရီးသွားများအား ဆွဲဆောင်နိုင်ရေးအတွက် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ ရှေးဟောင်းပုံရိပ်များကျဆင်းမှုမရှိစေရေး ဥပဒေ၊ စည်းကမ်းများထုတ်ပြန်ပြီး လိုက်နာဆောင်ရွက်စေရေး စီမံဆောင်ရွက်လျက်ရှိသောကြောင့် ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။

**(သတင်းစဉ်)**

# နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ရပ်နားစဉ် ပြည်သူများ အနီးကပ်လေ့လာရန် စီစဉ်ပေးမည်

**နေပြည်တော်　မတ်　၉**

ဆွစ်ဇာလန်နိုင်ငံထုတ် နေရောင်ခြည်စွမ်းအင်သုံး Solar Impulse-2 လေယာဉ်သည် ပထမဦးဆုံးအကြိမ်ကမ္ဘာတစ်ပတ်ခရီးစဉ်အဖြစ် အာရပ်စော်ဘွားများနိုင်ငံ (UAE) အဘူဒါဘီလေဆိပ်မှ ယနေ့ နံနက်ပိုင်းတွင် စတင်ထွက်ခွာလာကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အိုမန်နိုင်ငံ မတ်(စ်)ကပ်မြို့တွင် တစ်ရက်၊ အိန္ဒိယနိုင်ငံ အမန်ဒါဘတ်မြို့တွင် လေးရက်၊ ဗာရာဏသီမြို့တွင် တစ်ရက်ရပ်နားပြီး မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မတ် ၁၆ ရက် ညနေပိုင်းတွင် ရောက်ရှိပြီး သုံးညရပ်နားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရပ်နားစဉ်အတွင်း သက်ဆိုင်ရာဌာနများ၊ တက္ကသိုလ်နှင့် အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများအား လေယာဉ်မှူးများက တွေ့ဆုံ၍ Solar စွမ်းအင်နှင့်သက်ဆိုင်သည့် နည်းပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် Solar Impulse-2 လေယာဉ်ကို ပြည်သူများအနီးကပ်လေ့လာစေရန် အစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း Solar Impulse team မှ သတင်းရရှိသည်။

**(ကြေးမုံ)**

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၁၀-၃-၂၀၁၅ (အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၆း၃၅ | ဆုထူးတွေပန်ရွှယ်---ယက္ကန်းစင်တောင်သေလာဦးဝယ် |
| ၈း၃၅ | ခရီးသွားပြည်သူများအတွက် မြို့ပတ်ရထား |
| ၁၀း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၁း၃၅ | "မင်းဘူး(စကု)မြို့ ဒေသဖွံ့ဖြိုးရေး" |
| ၁၂း၅၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၃၅) |
| ၆း၄၅ | "One Vision Part-2-B" (ဒုတိယပိုင်း) -နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၃၆)(ဇာတ်သိမ်း) |

# မလှိုင်၌ မိုးပွင့်အထူးစီမံချက်ကွင်းဆင်းဆောင်ရွက်

**မလှိုင်　မတ်　၉**

မန္တလေးတိုင်းဒေသကြီး မတ္ထီလာခရိုင် မလှိုင်မြို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ နေ့ချင်းပြီး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မလှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းမောင်၊ ဒု-ဦးစီးမှူး ဦးစိုင်းသန်းလှိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များက မတ် ၇ ရက်က မိုးပွင့်အထူးစီမံချက်ဖြင့် အမှတ်(၃)ရက်ကွက် နယ်မြေ (၅)ရှိအသက်(၁၀)နှစ်ပြည့်နှင့်(၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၀အား နေ့ချင်းပြီးဆောင်ရွက်ပေးပြီး အကြောင်းအမျိုးအမျိုးကြောင့်မှတ်ပုံတင်မလုပ်ရသေးသူ (၁၀) နှစ်ပြည့်နှင့် (၁၈) နှစ်ပြည့် ပျောက်ဆုံးပျက်စီးသူများကိုလည်း ဆက်လက် ဆောင်ရွက်ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။

မလှိုင်မြို့နယ် ရပ်ကွက်၊ ကျေးရွာ ၅၆ အုပ်စု၊ ကျေးရွာပေါင်း ၂၄၇ ရွာတို့အား(၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့်ပြီးသူများအား ဇန်နဝါရီ ၂ ရက်မှစ၍ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မိုးပွင့်အထူးစီမံချက်ဖြင့် အုပ်စု၊ ကျေးရွာအလိုက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(၆၃၇)**

## ပြည်တွင်းရေးရာ

## ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ မေတ္တာရပ်ခံပန်ကြားချက်

ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့
မေတ္တာရပ်ခံပန်ကြားချက်
၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်

၁။ အမျိုးသားပညာရေးဥပဒေအား ပြန်လည်ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ ကျောင်းသားနှင့် NNER တို့ပါဝင်၍ ကြားနာဆွေးနွေးရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေကြောင်း ကြားသိရပါသည်။

၂။ လက်ပံတန်းအခြေပြုကျောင်းသားအချို့ပါဝင်သည့် သပိတ်အစုအဖွဲ့မှ ရန်ကုန်မြို့သို့ ဆက်လက်ချီတက်မည်ဟု သတင်းများကြားသိရသဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရမည့် ကာလနှင့် တိုက်ဆိုင်နေသောကြောင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ၊ ၎င်းတို့၏ မိဘများအနေဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားသွားမည်ကို အထူးစိုးရိမ်နေကြကြောင်း ကြားသိရပါသည်။

၃။ နိုင်ငံတော်မှလည်း သတင်းထုတ်ပြန်ရေးအဖွဲ့၊ သတင်းထုတ်ပြန်ချက် (၄/၂၀၁၅)နှင့် (၅/၂၀၁၅)တို့ဖြင့် ရန်ကုန်မြို့တွင်းသို့ ဆက်လက်မဝင်ရောက်ကြပါရန်နှင့် ဆန္ဒပြမှုများ ရပ်ဆိုင်းကြပါရန် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ စိုးရိမ်ပူပန်နေကြသော မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ဆက်လက်ဆန္ဒပြမှုကို ရပ်ဆိုင်း၍ သက်ဆိုင်ရာ မိဘဆွေမျိုးများထံ အေးချမ်းစွာပြန်ကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့**

## ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ မေတ္တာရပ်ခံပန်ကြားချက်

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏
မေတ္တာရပ်ခံပန်ကြားချက်
၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်

၁။ အမျိုးသားပညာရေးဥပဒေပြန်လည်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်မှ ထိထိရောက်ရောက် အရေးတယူဆောင်ရွက်ပေးနေကြောင်းကို ရပ်ဟန်းရှင်လူပြည်သူအများက ဝမ်းမြောက်ဝမ်းသာစောင့်ကြည့်နေကြပါသည်။

၂။ သို့ရာတွင် ကျောင်းသားအချို့ပါဝင်သည့် အစုအဖွဲ့သည် လက်ပံတန်းမြို့တွင် သပိတ်မှောက်ဆန္ဒပြနေရာမှ ရန်ကုန်မြို့သို့ ဆက်လက်ချီတက်မည်ဟူသောသတင်းများကို ကြားသိရပါသည်။

၃။ ယခုအချိန်သည် တက္ကသိုလ်ဝင်တန်းစာမေးပွဲများဖြေဆိုရတော့မည့်သားသမီးများအတွက် အထူးအရေးကြီးသည့် အချိန်ကာလပင်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သပိတ်မှောက်ဆန္ဒပြကျောင်းသားများအနေဖြင့် ဆက်လက်ချီတက်ခြင်းမပြုဘဲ မိဘဆွေမျိုးများရင်ခွင်သို့ အေးချမ်းစွာ ပြန်ကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့**

## ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။

## ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်ကျင်းပသည့် နိုင်ငံတကာခရီးသွားပြပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် တက်ရောက်

**ရန်ကုန် မတ် ၉**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပသည့် နိုင်ငံတကာ ခရီးသွားပြပွဲအခမ်းအနား International Trade Fare သို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားကို မတ် ၃ ရက် ညနေပိုင်းတွင် ကျင်းပရာ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Frank-Walter Steinmeier၊ ဂျာမနီနိုင်ငံ ဘာလင်မြို့တော်ဝန် Mr. Michael Muller ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Dr. Taleb Rifai၊ ဂျာမနီနိုင်ငံခရီးသွားလုပ်ငန်း အသင်းမှ ဥက္ကဋ္ဌ Dr. Michael Frenzel တို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။




မတ် ၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးဖွင့်လှစ်သော ပြခန်းများကို တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား အာဆီယံ၊ ဂရိ၊ တောင်အာရှနှင့် အာဖရိက အနောက်မြောက်ပိုင်းဒေသ၊ အီဂျစ်အနောက်ပိုင်းဒေသများ၊ လွှတ်တော်ဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုအဖွဲ့၏အဖွဲ့ဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူအဖွဲ့ဝင် Mr. Jurgen Klimke က လာရောက်တွေ့ဆုံရာ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးစွာ ဆွေးနွေးကြသည်။ ယင်းသို့ဆွေးနွေးရာတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမနီနိုင်ငံ၏ အကူအညီများကို ရယူဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

မတ် ၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတကာမှ ပြခန်းများ၊ အာဆီယံနိုင်ငံများမှ ပြခန်းများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ)** အဆိုပါ ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ဟိုတယ်လုပ်ငန်းများ၊ လေကြောင်းလိုင်းများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီစုစုပေါင်း ၄၅ ခု၊ ကိုယ်စားလှယ် ၇၀ ခန့်တက်ရောက်ပြီး ပြခန်းပေါင်း ၃၃ ခန်း ခင်းကျင်းပြသခဲ့ကာ ရောင်းသူနှင့် ဝယ်သူတွေ့ဆုံဆွေးနွေးခြင်းများကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြသည်။

မတ် ၆ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဂျာမနီနိုင်ငံ ဟမ်းဘတ်ခ်မြို့တွင် ကျင်းပသော OAV (95th Ostasiatisches Liebesmahl) အခမ်းအနားသို့ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးH.E.Weber-Lortschတို့နှင့်အတူ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

| (၉-၃-၂၀၁၅)ရက်တွင် မြို့တော်ကြီးများအလိုက်ဖြစ်ပေါ်ခဲ့သည့် ခရမ်းလွန်ရောင်ခြည်အမြင့်ဆုံးတန်ဖိုးများ | | | |
|---|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီး | UV Index | ပြည်နယ်/တိုင်းဒေသကြီး | UV Index |
| ရန်ကုန်တိုင်းဒေသကြီး | ၁၂.၁ | ကချင်ပြည်နယ် | ၉.၇ |
| မန္တလေးတိုင်းဒေသကြီး | ၁၁.၁ | ကယားပြည်နယ် | ၁၂.၃ |
| နေပြည်တော် | ၁၁.၇ | ကရင်ပြည်နယ် | ၁၂.၀ |
| မကွေးတိုင်းဒေသကြီး | ၁၁.၈ | ချင်းပြည်နယ် | ၁၁.၃ |
| စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း | ၁၁.၂ | မွန်ပြည်နယ် | ၁၂.၂ |
| စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း | ၁၀.၇ | ရခိုင်ပြည်နယ် | ၁၁.၆ |
| ပဲခူးတိုင်းဒေသကြီး | ၁၂.၀ | ရှမ်းပြည်နယ်(မြောက်) | ၁၁.၁ |
| ဧရာဝတီတိုင်းဒေသကြီး | ၁၂.၃ | ရှမ်းပြည်နယ်(တောင်) | ၁၂.၁ |
| တနင်္သာရီတိုင်းဒေသကြီး | ၁၂.၅ | ရှမ်းပြည်နယ်(အရှေ့) | ၁၂.၂ |

## အပူချိန်မြင့်တက်နေသဖြင့် ခရမ်းလွန်ရောင်ခြည်သတိပြုရန်လို

**ရန်ကုန် မတ် ၉**

၂၀၁၅ ခုနှစ် မတ် ၉ ရက်မှ မတ် ၁၆ ရက်အတွင်း မြို့ကြီးများတွင် အပူချိန်မြင့်တက်လာမှုနှင့်အတူ ခရမ်းလွန်ရောင်ခြည်များပါ မြင့်တက်လာနိုင်သည့်အပြင် ပင်လယ်အတွင်း လေထုမငြိမ်သက်မှုများကြောင့် ပင်လယ်ရေလှိုင်းမြင့်တက်မှုများကိုပါ သတိပြုဖို့လိုကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ယနေ့အသိပေးထားသည်။

“နေ့အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် (၁၀၀ ဒီဂရီဖာရင်ဟိုက်)ကျော်လွန်အောင်မြင့်တက်နိုင်တဲ့ ရန်ကုန်၊ တောင်ငူ၊ ပုသိမ်၊ မုံရွာ၊ မန္တလေး၊ မကွေး၊ ကလေးဝမြို့တွေမှာ အပူဒဏ်နဲ့ ခရမ်းလွန်ရောင်ခြည်ဒဏ်တွေကို သတိထားဖို့လိုပါတယ်။ ဒီလိုအချိန်၊ ဒီလိုနေရာမှာ ဒီလိုဖြစ်တာ သိပ်မကြိုက်ဘူးဗျာ။ မနေ့က ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းအတွင်း လေထုမငြိမ်သက်မှုတွေများနေပါတယ်။ ဧပြီ ၁၅ ရက်နောက်ပိုင်း မုန်တိုင်းရာသီမှာ သတိထားရပါလိမ့်မယ်။ ဘင်္ဂလားပင်လယ်အော်အရှေ့ပိုင်း၊ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်မှာ ပင်လယ်ရေလှိုင်းအမြင့် ခုနစ်ပေလောက်အထိ မြင့်တက်လာပါတယ်”ဟု ရှင်းပြထားသည်။

ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် ပင်လယ်ရေလှိုင်းအမြင့် ငါးပေမှ ခုနစ်ပေ၊ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်ပြင်တွင် လှိုင်းအမြင့် ငါးပေမှ ခြောက်ပေ၊ မွန်နှင့်တနင်္သာရီကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်ပြင်တွင် လှိုင်းအမြင့် လေးပေမှ ငါးပေရှိသောကြောင့် ပင်လယ်ကမ်းရိုးတန်းတွင် သတိထားသွားလာဖို့လိုကြောင်း ဒေါက်တာထွန်းလွင်က အသိပေးထားသည်။

**(ရာမည)**

# တက္ကသိုလ်များပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် မတ် ၉ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ၏ စီမံရေးရာနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တက္ကသိုလ်ပညာရေး မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများတွင် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် ကိုက်ညီစေရေးဆောင်ရွက်ရာတွင် တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များကို ပညာရေးဝန်ကြီးဌာနသို့ ယာယီလွှဲပြောင်းမည်ဖြစ်ကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးဌာနထားရှိပြီး နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များအတွက် လိုအပ်သောပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတွင် လက်ရှိဦးစီးဌာန ကိုးခုဖြစ်သော်လည်း လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ ဦးစီးဌာန ငါးခုအဖြစ် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများသည် အင်ဂျင်နီယာပညာရပ်တိုးတက်ဖွံ့ဖြိုးရေး၊ ကွန်ပျူတာပညာရပ် တိုးတက်ဖွံ့ဖြိုးရေး၊ နိုင်ငံတော်၏ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပြီး ပို၍ကြီးမားသော တာဝန်များကို ထမ်းဆောင်ရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုက်ရိုက်လမ်းညွှန်မှုများ တဖြည်းဖြည်းပပျောက်သွားပြီး ဥပဒေအရ (၄)နှစ်ကျော်ကာလ မတိုင်မီ Autonomous University အဖြစ်သို့ ရောက်ရှိမည်ဖြစ်ပါကြောင်း။

နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များကို Autonomous University အဖြစ် ဆောင်ရွက်တော့မည်ဖြစ်၍ တက္ကသိုလ်တစ်ခုချင်းစီအလိုက် တာဝန်ကိုယ်စီရှိကြပြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်များပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဝိုင်းဝန်းဆွေးနွေး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါ တက္ကသိုလ်များပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဘရွှေနှင့် ဒေါက်တာအောင်ကျော်မြတ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တက္ကသိုလ်များပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Civil Service training သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၉**

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ Konrad Adenauer Foundation တို့ ပူးပေါင်းဖွင့်လှစ်သည့် Civil Service training (Train the Trainers) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ယခုကဲ့သို့ ဂျာမန်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ သင်တန်းဖွင့်လှစ်လာခဲ့ခြင်းမှာ (၂၃)ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာ၌ လိုက်ပါဆောင်ရွက်သင့်သည့် လုပ်ဆောင်ချက်များနှင့် ပြည်သူ့ဆက်ဆံရေးတို့ကို ယခုသင်တန်းတွင် ဆရာဆရာမများက နိုင်ငံတကာအတွေ့အကြုံ နည်းပညာများဖြင့် ဘာသာရပ်အလိုက် သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် အကောင်အထည်ဖော် လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို လေ့လာသင်ယူသွားကြရန် ဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် ပို့ချမည့်သင်ခန်းစာများသည် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဆောင်ရွက်သွားနိုင်ရေးအတွက် အထောက်အပံ့ဖြစ်သွားစေမည်ဟု ယုံကြည်ပါကြောင်းနှင့် သင်တန်းမှ တွေ့ရှိလေ့လာချက်များကို လုပ်ဖော်ကိုင်ဖက်များသို့ မျှဝေပေးကြပါရန် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ခြောက်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကာ ဂျာမန်ဖောင်ဒေးရှင်းမှ Professor. Dr.N. Ganesan နှင့် နည်းပြ သုံးဦး လာရောက်သင်ကြားပို့ချပြီး ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနတို့မှ သင်တန်းသား သင်တန်းသူ အရာထမ်း ၄၀ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# AFC Cup ပြိုင်ပွဲ အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်မည့် ရတနာပုံအသင်း

**ရန်ကုန် မတ် ၉**

AFC Cup ပြိုင်ပွဲအုပ်စုဒုတိယပွဲအဖြစ် ဟောင်ကောင်ကလပ် တောင်တရုတ်အသင်းနှင့် အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ရန်အတွက် ရတနာပုံအသင်းသည် ယနေ့နံနက်ပိုင်းက ဟောင်ကောင်သို့ ထွက်ခွာသွားသည်။ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များကို မတ် ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ရတနာပုံအသင်းမှာ တောင် တရုတ်အသင်းနှင့် အဝေးကွင်းပွဲစဉ် ကစားရမည်ဖြစ်သည်။ အခြား ကလပ်အသင်းဖြစ်သည့် ဧရာဝတီအသင်းမှာ အိမ်ကွင်း၌ ကစားရမည်ဖြစ်ပြီး အင်ဒိုနီးရှားကလပ် ဘန်ဒေါင်းအသင်းနှင့် တွေ့ဆုံလျက်ရှိသည်။ ရတနာပုံအသင်းကို CEO ဦးဟန်မင်းထွဏ်း၊ အုပ်ချုပ်သူ ဦးအောင်ထွန်းဦးတို့ ဦးဆောင်၍ အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များနှင့် ကစားသမား စုစုပေါင်း ၂၉ ဦး လိုက်ပါသွားသည်။ ရတနာပုံအသင်းတွင် နိုင်ငံခြားအားကစားသမားများဖြစ်သည့် မက်ဆီဗင်နှင့် ဟက်ပီးနက်စ်တို့ အပါအဝင် ရန်ပိုင်၊ သီဟစည်သူ၊ ဇော်လင်းထွန်း၊ စည်သူအောင်၊ နန္ဒလင်းကျော်ချစ်စသည့် အမာခံကစားသမားများ ပါဝင်သွားသည်။

ရတနာပုံအသင်းမှာ တောင်တရုတ်(ဟောင်ကောင်) အသင်းနှင့် မတ် ၁၁ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဟောင်ကောင်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာ အဖွင့်ပွဲတွင် မလေးရှားကလပ် ပါဟန်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ တောင်တရုတ်အသင်းမှာမူ ပွဲဦးထွက်ပွဲတွင် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားကြောင်း သိရသည်။ ဧရာဝတီအသင်းမှာ အင်ဒိုနီးရှားထိပ်သီးကလပ် ဘန်ဒေါင်းအသင်းနှင့် တွေ့ဆုံနေပြီး မတ် ၁၁ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဧရာဝတီအသင်းမှာ အဖွင့်ပွဲတွင် လာအိုတိုယိုတာအသင်းနှင့် အဝေးကွင်း၌ နှစ်ဂိုးစီသရေကျခဲ့ပြီး ဘန်ဒေါင်းအသင်းမှာ မော်လ်ဒိုက်ကလပ် နယူးရေးဒီးယန့်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။


အုပ်စုခွဲဝေထားမှုအရ ရတနာပုံအသင်းမှာ အုပ်စု(G)၌ တောင်တရုတ်(ဟောင်ကောင်)၊ ပါဟန်(မလေးရှား)၊ ဂလိုဘယ်(ဖိလစ်ပိုင်)တို့နှင့် အတူ ပါဝင်နေပြီး ဧရာဝတီအသင်းမှာ အုပ်စု(H)တွင် ဘန်ဒေါင်း (အင်ဒိုနီးရှား)၊ နယူးရေးဒီးယန့်(မော်လ်ဒိုက်)၊ လာအိုတိုယိုတာ(လာအို)တို့နှင့် အတူ ပါဝင်နေသည်။




တောင်တရုတ်အသင်းနှင့် အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ရမည့် ရတနာပုံအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။

○ **ကျောဖုံးမှ**

ကိုးကန့်သောင်းကျန်းသူများအနေဖြင့် လုံထန်ကျေးရွာအနီးရှိ ပွိုင့်-၁၇၅၃ တောင်ကုန်းအပါအဝင် ၎င်းမှ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ် (၁၄၁)အတွင်း တောင်ကုန်းများတွင်အင်အားစုများဖြန့်ခွဲ၍ အခိုင်အမာအခြေပြုကာ လောက်ကိုင်-ချင်းရွှေဟော်ကားလမ်းကြောင်းတစ်လျှောက် သွားလာလျက်ရှိသော ဒေသခံပြည်သူများနှင့် တပ်မတော်ယာဉ်တန်းများအား မကြာခဏ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီလအတွင်း စစ်ဘက်နှင့်မသက်ဆိုင်သော ကြက်ခြေနီအလံလွှင့်ထူ၍ ကြက်ခြေနီအဖွဲ့များလိုက်ပါလာသည့် ယာဉ်တန်း၊ သတင်းမီဒီယာများ လိုက်ပါလာသည့်ယာဉ်တန်း၊ ဌာနဆိုင်ရာဝန်ထမ်းများလိုက်ပါလာသည့် ယာဉ်တန်းတို့ကို ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း သိရှိရသည်။ **(မြဝတီ)**




# နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**သန်လျင် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့် (အထူး)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မတ် ၈ ရက် နံနက်ပိုင်းက သန်လျင်မြို့ ဘယက်ကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ် ၁၅၉ ကတ်၊ မင်္ဂလွန်းကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ် ၁၉၈ ကတ်၊ ကဒတ်ဖြာကျေးရွာအုပ်စု ကျေးရွာတွင် ၂၅၇ ကတ်တို့ကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးပွင့်(အထူး)ဆောင်ရွက်မှုတွင် သန်လျင်မြို့ ကဒတ်ဖြာကျေးရွာအုပ်စုအတွက် ဓာတ်ပုံရိုက်ကူးခနှင့် အခွန်ပေးသွင်းငွေကျပ် ၂၅၇၀၀၀ ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(၆၀၈)**



ပြည်တွင်းရေးရာ

# ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု

**နေပြည်တော် မတ် ၉**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဘိန်း ၄၆ မှု (အလေးချိန် ၁၀၃ ဒသမ ၀၁၄ ကီလို)၊ ဘိန်းဖြူ ၁၇၁ မှု (အလေးချိန် ၃ ဒသမ ၆၆၈၂ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄ မှု (၁၇၇၇၄၅၇ ပြား)၊ ဆေးခြောက် ရှစ်မှု (အလေးချိန် ၇ ဒသမ ၇၉၆၁ ကီလို)၊ ဘိန်းရည် သုည ဒသမ ၁၅ လီတာ၊ ဘိန်းဆီခဲ လေးမှု (အလေးချိန် ၁ ဒသမ ၁၁၈၀ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၄ မှု (အလေးချိန် ၃ ဒသမ ၈၇၀၆ ကီလို)၊ ဆူဒိုအက်ဖီဒရင်းအကြေ တစ်မှု (အလေးချိန် ၈၄ ကီလို)၊ အိုက်စ် ရှစ်မှု (အလေးချိန် ၂၉ ဒသမ ၅၉၃၇ ကီလို)၊ လွှိုင်ဇော နှစ်လီတာ၊ ဘိန်းစာ မှုန့် နှစ်မှု (အလေးချိန် သုည ဒသမ ၃၄၇ ကီလို)၊ အက်ဖီဒရင်း အလေးချိန် ၁ ဒသမ ၆၅၃၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် နှစ်မှု (အလေးချိန် ၇၅ ဒသမ ၁၅၉၅ ကီလို)၊ ကဖင်း နှစ်မှု (အလေးချိန် ၈၁၅၀ ဒသမ ၂၄ ကီလို)၊ အမိုနီယမ် ကလိုရိုက် အလေးချိန် ၁၈ ကီလို၊ ဘိန်းညှိမှုန့် တစ်မှု (အလေးချိန် ၃၅ ဒသမ ၀၀၅ ကီလို)၊ ထရာမဒေါလ် နှစ်မှု (၈၂၅ တောင့်)၊ အခြားမှု နှစ်မှု၊ မှတ်ပုံတင်ပျက် တစ်မှု တို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၄၄၈ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၅၂၆ ဦး၊ အမျိုးသမီး ၉၈ ဦး စုစုပေါင်း တရားခံ ၆၂၄ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား

**နေပြည်တော် မတ် ၉**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်၌ ယနေ့ နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားရာ ကိုရင်(သာမဏေ) ငါးပါး အခင်းဖြစ်ပွားရာ၌ အသက်ဆုံးရှုံးကြရကြောင်း သိရသည်။

ယနေ့ နံနက် ၆ နာရီက နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်း မင်းအောင်ကျော်မြင့်(၃၈)နှစ် ရပ်ကွက်ကြီး (၇)အောင်ရတနာရပ်ကွက် ပြင်ဦးလွင်မြို့နေသူ မောင်းနှင်သော 9E/---- မန်းရွှေမြို့တော် မော်လမြိုင်-မန္တလေး Express အပြာနုရောင်ယာဉ်သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၂၄၁/၁)နှင့် (၂၄၁/၂) အကြား အရောက် ယာဉ်မောင်း ဦး-----(၅၀)နှစ် ရွှေတောင်ပရိယတ္တိစာသင်တိုက် ပဲခူးမြို့နေ မောင်းနှင်သော 8G/---- လိုက်ထရပ်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် အတိုက်ခံရသော လိုက်ထရပ်ယာဉ်မှာ လမ်းပေါ်၌ နှစ်ပတ်ခန့်လိမ့်၍ လမ်းယာဘက်မြေသားလမ်းပေါ်သို့ ကားခေါင်းပိုင်းနှင့်ဖရိမ်တို့ရောက်ရှိသွားပြီး ကိုယ်ထည်မှာ တစ်ဖက်ယာဉ်ကြောပေါ်သို့ ရောက်ရှိတိမ်းမှောက်သဖြင့် ယာဉ်ပေါ်ပါ ကိုရင်ငါးပါး အခင်းဖြစ်ပွားရာ၌ ပျံလွန်တော်မူခဲ့ပြီး ဦးဇင်း နှစ်ပါး၊ ကိုရင် ၁၃ ပါးနှင့် အမျိုးသား လေးဦးတို့ ဒဏ်ရာရရှိခဲ့သည်။ မန်းရွှေမြို့တော်ယာဉ်ပေါ်မှ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး Express ယာဉ်ပေါ်မှ ခရီးသည်များမှာ ထိခိုက်မှုမရှိဘဲ ခရီးသည်တင်ယာဉ် ရှေ့ခေါင်းပိုင်း ပိန်ချိုင့်၊ လေကာမှန်ကွဲ၍ လမ်းပေါ်၌ ရပ်တန့်သွားခဲ့သည်။

အခင်းဖြစ်နေရာသို့ အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေဝင်းနှင့် ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်းများမှ စခန်းမှူးများနှင့် တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဒဏ်ရာရ ခရီးသည်များကို နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီးသို့ အချိန်မီပို့ဆောင်၍ လမ်းမကြီးယာဉ်ကြောပိတ်ဆို့မှုမရှိရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အားမဆင်မခြင်မောင်းနှင်သူ မန်းရွှေမြို့တော်ယာဉ်မှ ယာဉ်မောင်း မင်းအောင်ကျော်မြင့်(ထွက်ပြေးတိမ်းရှောင်)အား ဥပဒေအရ အရေးယူပေးရန် ရဲအုပ်စိန်ဝင်းက အမှုဖွင့်၍ ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်းမှ ယာဉ်(ပ)၂/၂၀၁၅ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈ ၃၃၇/၂၀၂ ဖြင့်အမှုဖွင့်ခဲ့ပြီး အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာနယ်မြေရဲစခန်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုမှ ဒဏ်ရာရရှိသူများ ဆေးကုသမှုခံယူနေသည့် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးစကားများပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက လှူဒါန်းငွေကျပ် ငါးသိန်း ခုနစ်သောင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက လှူဒါန်းငွေကျပ် လေးသိန်းရှစ်သောင်းအားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လှူဒါန်းငွေကျပ် ငါးသိန်းအား ရဲချုပ်ကိုယ်စား ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီကလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-ကိုကိုနေ**
**ဓာတ်ပုံ-သန်းနိုင်(ဇမ္ဗူသီရိ)**

❑






# နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် မတ်လ ၉ ရက်နေ့တွင် **လူ့ဘောင်သစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း(၉၁ လမ်းထိပ်)၊ အမှတ်(၁၀၆/၁၀၈) တွင် ပါတီရုံးချုပ်တည်ရှိသော **လူ့ဘောင်သစ်ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၉-၃-၂၀၁၅ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်းတင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရအများသိစေရန် ကြေညာအပ်ပါသည်။

**လူ့ဘောင်သစ်ပါတီ၏ အလံပုံစံ**



**လူ့ဘောင်သစ်ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လားရှိုးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၉**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် မတ် ၇ ရက်က လားရှိုးမြို့ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ်အနီးတွင် သိန်းနီမြို့နယ် စယ်အူကျေးရွာဘက်မှ လားရှိုးမြို့ဘက်သို့ အောင်ပန်း(ခ)အိုက်မြင့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အနွေးထည်အင်္ကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိသဖြင့် အောင်ပန်း(ခ)အိုက်မြင့် (၂၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(မူးယစ်ဗဟို)**



**အောင်ပန်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# နမ့်စန်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅ ပြား သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၉**

လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မတ် ၇ ရက်က နမ့်စန်မြို့ မက်မုန့်မုန်းကျေးရွာနေ မပါဆိ၏နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းလက်ထဲမှ ကော်ဘူးဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅ ပြား သိမ်းဆည်းရမိသဖြင့် မပါဆိ(၄၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(မူးယစ်ဗဟို)**



**မပါဆိအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# အပူဒဏ်ကြောင့် ငါးသေဆုံးမှုနှိုးဆော်ချက်

- နံနက်ပိုင်း မိုးအုံ့သောရက်၊ နွေးကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ရေငွေ့ပျံခြင်းကြောင့် ကန်ထဲတွင် ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်းမြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးထည့်သွင်းမွေးမြူမှုနှုန်းကိုလည်း လျှော့ချထားရန်။
- ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်။
- ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း ၂၅-၄၀ စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကို ဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိမည်ဖြစ်ပါသည်)
- ကန်ရေမြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာကျွေးမွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိ ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်ရန်အတွက် ရေသိုလှောင်သည့်အရန်ကန်များထားရှိရန်။
- ရေလုံလောက်မှုမရှိပါက ငါးကန်များကို ငါးများပေါင်းထည့်ပြီး ရေများဖြည့်တင်းပေးရန်နှင့် အခြားကန်များကို အခြောက်ခံခြင်းများ ပြုလုပ်သွားရန်။
- ကန်အခြေအနေနှင့်ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီတွင် ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ အပူဒဏ်ကြောင့် ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ဆက်သွယ်ဆောင်ရွက်ရန်။

**ငါးလုပ်ငန်းဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# နွေစပါးအထွက်တိုးအောင် စိုက်ပျိုးခြင်းဖြင့် နိုင်ငံ့စီးပွားရေးမြှင့်တင်မည်



**ဖျာပုံ မတ် ၉**

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်မှာ လယ်ယာစိုက်ပျိုးရေးသည် အဓိကဖြစ်သည်။ နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ကြပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အားထားလုပ်ကိုင်လျက်ရှိကြသည်။

နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍတွင် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်ပို့ကုန်မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးအဓိကအစီအစဉ်တွင် ဦးစားပေးကဏ္ဍ၌ ကုန်စည်ငါးမျိုး သတ်မှတ်ထားရှိရာ ဆန်နှင့် ဆန်ထွက်ပစ္စည်းကို ဦးစားပေးသတ်မှတ်ထားရှိသည်။

နိုင်ငံတော်၏ ဆန်စပါးလိုအပ်ချက်ကို ဧရာဝတီတိုင်းဒေသကြီးက သုံးပုံတစ်ပုံ စိုက်ပျိုးထုတ်လုပ်ပေးနေသည့်အတွက် နိုင်ငံ့စပါးကျီဟု သတ်မှတ်ထားကြသည်။ တိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခရိုင်ရှိသည့်အနက် ဖျာပုံခရိုင်သည် မိုးစပါးနှင့် ဆောင်းစပါး စိုက်ပျိုးထုတ်လုပ်ရာတွင် အဓိကကျသည့် ခရိုင်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နှစ်စဉ် ဆောင်းစပါးစိုက်ဧက တိုးတက်ရေး၊ စပါးပိုမိုထွက်ရှိရေး ပညာပေးစည်းရုံးဆောင်ရွက်ခဲ့ရာ ယခုအခါ ဆောင်းစပါးဧက လေးသန်းစိုက်ပျိုးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်းစပါးဧက ၁၂ သိန်းရှစ်သောင်းကျော် စိုက်ပျိုးထားရှိရာ ဖျာပုံခရိုင်တွင် ဆောင်းစပါး သုံးသိန်းငါးသောင်းကျော် စိုက်ပျိုးထားသည်။

ဆောင်းစပါးများ အချိန်မီစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေးတို့အတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ခရိုင်စိုက်ပျိုးရေး တိုးမြှင့်အဖွဲ့ဝင်များက ဆောင်းစပါးစိုက်ပျိုးစရိတ်ချေးငွေ အချိန်ရရှိရေး၊ လိုအပ်သည့်နည်းပညာနှင့် ပံ့ပိုးမှုများ ဖြည့်ဆည်းပေးခဲ့သကဲ့သို့ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ကလည်း မြို့နယ်အလိုက်အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ဖျာပုံခရိုင်တွင် ဆောင်းစပါးများ မကြာမီရက်အတွင်း ရိတ်သိမ်းကြတော့မည်ဖြစ်သည်။ စိုက်ပျိုးထားကြသည့် စပါးမျိုးများမှာ သီးထပ်ရင် (ရက်- ၁၀၀)သုံးလခွဲ မျိုးစပါးများနှင့် ဆင်းသွယ်လတ်စပါး၊ မနောသုခစပါးများကို ဦးစားပေး စိုက်ပျိုးကြကြောင်း ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာမှ လယ်သမားဦးသန်းရွှေက ပြောပြသည်။

ဖျာပုံခရိုင်အတွင်း ဆောင်းစပါးစိုက်ပျိုးမှုတွင် စိုက်ဧကအများဆုံးနှင့် အထွက်အကောင်းဆုံးမြို့နယ်သည် ကျိုက်လတ်မြို့နယ်ဖြစ်သည်။ မတ်လပထမပတ်အတွင်းက ကျိုက်လတ်မြို့နယ် ဂုံညှင်းတန်းတံတားအနီး ဖျာပုံ-ကျိုက်လတ် ကားလမ်းဘေး ဆောင်းစပါးများ ဖြစ်ထွန်းအောင်မြင်နေသည့် လယ်ယာများ သွားရောက်လေ့လာရာတွင် ဆောင်းစပါး ၁၅ ဧက စိုက်ပျိုးထားသည့် လယ်သမားကြီး ဦးအောင်ခန့်နှင့် တွေ့ဆုံမေးမြန်းရာ "ကျွန်တော့လယ်တွေမှာ စပါးအထွက်ကောင်းမျိုးဖြစ်တဲ့ ဆင်းသွယ်လတ်နဲ့ မနောသုခများ စိုက်ပျိုးထားပြီး ယခင်နှစ်အတွေ့အကြုံများအရ တစ်ဧက စပါးတင်း ၁၀၀ ကျော်ထွက်ရှိမယ်လို့ခန့်မှန်းထားပါတယ်။ ကျိုက်လတ်မြို့နယ်မှာ ကွင်းတိုင်းလိုလို ဆောင်းစပါးတွေ ဖြစ်ထွန်းအောင်မြင်နေပြီး ဆောင်းစပါးများ ဈေးကောင်းရရှိရေး နိုင်ငံတော်အပိုင်းက လိုအပ်သလို ကူညီဆောင်ရွက်ပေးရေးကို မျှော်လင့်လျက်ရှိပါတယ်"ဟု ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံခရိုင်သည် စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် နှစ်စဉ်စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်းနှင့် စပါးအထွက်တိုးခဲ့သည့်အတွက် နိုင်ငံတော်က အားထားရသည့် ခရိုင်တစ်ခုဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၏ ရိုးသားကြိုးစားဧရာဝတီသားဟုဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရိုးသားကြိုးစားစွာဖြင့် နွေစပါးအထွက်တိုးအောင် စိုက်ပျိုးခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ကြပါစို့. . .။

**(အောင်ဝင်း)**



## အုတ်ဖုတ်ရန်မြေတူးဖော်စဉ် ရှေးဟောင်းစေတီနှင့် တိုးနယားရုပ် တွေ့ရှိ

**နတ်တလင်း မတ် ၉။** ။ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သရက်တပင်ကျေးရွာအုပ်စု သရက်တပင်ကျေးရွာအုပ်ချုပ်ရေးမှူးဦးမြင့်စိုး၏ ခြံထဲတွင်ရေရှည်ရိုးမြောင်းခုံးတံတားပြုပြင်တည်ဆောက်ရန်အတွက် အုတ်ဖုတ်ရန်မြေတူးစဉ် ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက ခြောက်ပေခန့်အနက်တွင် စေတီတော်ပစ္စယံဟုခန့်မှန်းရသော အုတ်ချပ်များစီထားသည်ကို ပထမဦးစွာတွေ့ရှိရသည်၊

ဆက်လက်တူးဖော်ရာ ခြောက်တောင်ခန့်အကွာ အနက်ခြောက်ပေတွင် တိုးနယားနှင့် ခပ်ဆင်ဆင်တစ်ကောင်ထပ်မံတွေ့ရှိရပြန်သည်။ ထို့နောက် တူးဖော်ခြင်းမပြုတော့ပေ။ ရပ်ဝေးရပ်နီးဘုရားဖူးလေ့လာရေးအဖွဲ့များလည်း နေ့စဉ်လာရောက်လှူဒါန်းကြပြီး အလှူရှင်များက စားစရာများဖြင့် ဘုရားဖူးများအားဧည့်ခံကြသည်။

"မတ် ၁ ရက်ကစပြီးအမျိုးအမည်မသိ ရွှေဝါရောင်လုံးပတ်ကျပ်လုံးခန့် အရှည်၆တောင်ခန့်မြွေတစ်ကောင်းဟာ တစ်ရက်ခြား ဆိုသလို ညနေပိုင်းမှာရောက်လာတယ်။ အဲဒါနဲ့ပတ်သက်ပြီး အမျိုးမျိုးပြောနေကြပါတယ်။ တစ်ကယ်တော့ အသက်(၈၀)ကျော်(၉၀)အရွယ်တွေတောင် အသေအချာမပြောနိုင်ကြပါဘူး။ ထူးခြားတာကတော့အမှန်ပါပဲ။ တချို့ကလည်း ညောင်ရမ်းခေတ်ကလို့ ပြောတယ်။ အတိအကျဘယ်သူမှမသိကြသေးပါဘူး"ဟု ဒေသခံဦးမြင့်စိုးက ပြောပြသည်။

**(ဝ၇၁)**

## တောင်ငူခရိုင်အတွင်း သားငါးကဏ္ဍဖွံ့ဖြိုးရေး တိုင်းရင်းငါးမျိုးများစိုက်ထည့်ရန်ပေးအပ်

**တောင်ငူ မတ် ၉။** ။သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းငါးမျိုးများ လယ်ကြားငါးကန်များအတွင်း စိုက်ထည့်မွေးမြူရန် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်အတွက် ထောက်ပံ့ပေးအပ်ပွဲကို မတ် ၇ ရက်က တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုင်းကျော်မြင့်၊ တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသက်အေးနှင့်တာဝန်ရှိသူများ၊ တောင်ငူခရိုင်အတွင်းရှိ ကျောက်ကြီး၊ ဖြူး၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်း၊ ရေတာရှည်မြို့နယ်များမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

တိုင်းဦးစီးမှူး ဦးစိုင်းကျော်မြင့်က တိုးတက်လာသော လူဦးရေအချိုးအစားနှင့်အညီ သားငါးစားနပ်ရိက္ခာ ဖူလုံစွာစားသုံးနိုင်ရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းငါးမျိုးများကို ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းငါးမျိုးများဖြစ်သည့် ငါးခူအကောင်ရေ ၂၅၀၀၀၊ ငါးပနော် အကောင်ရေ ၅၀၀၀ စုစုပေါင်း အကောင်ရေ ၃၀၀၀၀ ကို တောင်ငူခရိုင်ခြောက်မြို့နယ်ရှိ ကျေးရွာငါးမွေးတောင်သူများ၊ အင်းလုပ်ငန်းရှင်များ၊ ငါးမွေးကန်ပိုင်ရှင်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇)ပေးအပ်ပွဲကျင်းပ

**ဖြူး မတ် ၉။** ။ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇)ပေးအပ်ပွဲကို မတ် ၈ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျီးမနိုးကျေးရွာအုပ်စု စိမ့်ကြီးဒေသ ကွင်းအမှတ် (၈၀၄-၈၀၅)တောင်သူဦးခင်အောင် လယ်တဲမြေနေရာ ယာယီမဏ္ဍာပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျီးမနိုးကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇)အား သိမ်းဆည်းခံရသူ မူလဓားမဦးချ စဉ်ဆက်မပြတ် လုပ်ကိုင်လျက်ရှိသည့် လယ်သမားကြီး ၁၉ ဦးတို့အား လယ်ယာမြေ ၁၀၇ ဧက ဒသမ ၅၀တို့ကို တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ကြသည်။ ယခုလုပ်ကိုင်ခွင့်ပုံစံ (၇)ပေးအပ်ခြင်းသည် ၂၀၁၄ ခုနှစ် မေ ၇ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည့် တောင်ငူခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့်မြေများကို မူလပိုင်ရှင်များထံသို့ ယာယီပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည့်အထဲတွင် ပါဝင်ခဲ့သဖြင့် ယခုမူလပိုင်ရှင် လယ်သမားကြီးများလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဖြူး-မြင့်ဦး)**

## မတ်ပဲစိုက်တောင်သူများ ဈေးကောင်းရ

**နေပြည်တော် မတ် ၉**

ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ပေါက်တောကျေးရွာတွင် ယခုနှစ် မတ်ပဲစိုက်တောင်သူများ မတ်ပဲဈေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က မတ်ပဲတစ်တင်းကို ငွေကျပ် ၁၀၀၀၀ ဈေးနှုန်းရောင်းရသော်လည်း ယခုနှစ်တွင်မူ တစ်တင်းကို ငွေကျပ် ၂၇၀၀၀ ဈေးနှုန်းဖြင့် ရောင်းရကြောင်းသိရသည်။

မတ်ပဲကို တန်ဆောင်မုန်းလတွင် ကြဲပြီး သုံးလလောက်အကြာတွင် ရောင်းတန်းဝင်မတ်ပဲကို တပို့တွဲလတွင် ရိတ်သိမ်းသည်။ တစ်ဧကကို စိုက်စရိတ်၊ နေ့စားအလုပ်သမားစရိတ် ကုန်ကျစရိတ်စုစုပေါင်းကျပ်၁၀၀၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

ကြဲပြီး၊ ရိတ်သိမ်းပြီး ငွေကျပ် ၅၄၀၀၀၀ ရရှိခြင်းကြောင့် ပေါက်တောကျေးရွာရှိ ပြည်သူများသည် စိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်း ပြုလုပ်ကြကြောင်း သိရသည်။

**(ဆုထက်လှိုင်)**



## ယင်းမာပင်ခရိုင်အတွင်း နွေစပါးဧက ၅၀၀၀ ကျော် လျာထားစိုက်ပျိုး

**မုံရွာ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ပဲ၊ ဆီထွက်သီးနှံ၊ ဂျုံများကို စိုက်ပျိုးသကဲ့သို့ နွေစပါး၊မိုးစပါးများကိုလည်း ဒေသတွင်းစားသုံးရန်နှင့် ပိုလျှံစပါးများတင်ပို့ရောင်းချနိုင်ရန်အတွက် စပါးများကိုစိုက်ပျိုးလျက်ရှိရာ ယခုနှစ်နွေစပါးစိုက်ရာသီတွင် နွေစပါး ဧက ၅၅၅၀ စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နွေစပါးစိုက်ပျိုးမည့်အစီအစဉ်နှင့်ပတ်သက်ပြီး "ယင်းမာပင်ခရိုင်အတွင်းမှာ စိုက်ပျိုးရေရရှိမှု အခြေအနေက ယင်းမာပင်မြို့နယ်မှာက တောင်သူပိုင်ရေတွင်း၊ ကန်ရေလျှံတွင်းစနစ်နဲ့ ဧက ၂၄၀၀၊ ဆားလင်းကြီး မြို့နယ်မှာ ဆည်ရေသောက်စနစ်နဲ့လျှပ်စစ်မြစ်ရေတင်စနစ်နဲ့ ဧက ၁၄၀၀၊ ပုလဲမြို့နယ်မှာ ဆည်ရေသောက်စနစ်နဲ့ ဧက ၁၀၀၀၊ ကနီမြို့နယ်မှာချောင်းပိတ်၊ မြောင်းပိတ်စနစ်နဲ့ ဧက ၇၅၀ စုစုပေါင်း နွေစပါးဧက ၅၅၅၀ မှာ ဆင်းသွယ်ရင်၊ ပုလဲသွယ်နဲ့ ဗီယက်နမ်စပါးမျိုးတွေကို စိုက်ပျိုးကြမှာပါ။ ယနေ့အထိ နွေစပါး ၇၁၃ ဧက စိုက်ပြီးပါပြီ၊ ကျန်တဲ့နွေစပါးတွေကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ခြင်း၊ ထွန်ရေး၊ ထယ်ရေးပြင်ဆင်ခြင်း လုပ်ငန်းတွေ ဆောင်ရွက်နေပါပြီ။ အဲဒီလိုစိုက်ပျိုးတဲ့အခါမှာ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေ လိုအပ်တဲ့ စိုက်ပျိုးရေး၊ နည်းပညာတွေ၊ သီးနှံဖျက်ပိုးတွေကာကွယ်ရေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးမှာပါ။ သွင်းအားစု လိုအပ်ချက်တွေကိုလည်း စိုက်ပျိုးရေးကုမ္ပဏီတွေနဲ့ချိတ်ဆက်ပေးသွားမှာပါ"ဟု ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းမာပင်ခရိုင် အတွင်းတွင် ၂၀၁၃-၂၀၁၄ နွေစပါးစိုက်ရာသီတွင် နွေစပါး ၅၃၂၉ ဧကစိုက်ပျိုးခဲ့ပြီး ၂၀၁၄-၂၀၁၅ နွေစပါးစိုက်ရာသီတွင် ဧက ၅၅၅၀ စိုက်ပျိုးရန်လျာထားခဲ့ပြီး စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး နည်းလမ်းများဆောင်ရွက်ပြီး လာမည့် ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီတွင် ဧက ၈၄၅၀ စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# တောင်ကြီးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

**တောင်ကြီး မတ် ၉**

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၉ ရက် ညနေ ၃ နာရီက ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကစားသမားများအား တစ်ဦးချင်းအလိုက် ဆုတံဆိပ်များနှင့် အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းကစားသမားဆု၊ အကောင်းဆုံးအလယ်တန်းကစားသမားဆု၊ အကောင်းဆုံးရှေ့တန်းကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများကို တာဝန်ရှိသူများက လည်းကောင်း၊ ဒုတိယရရှိသော နန်းဟူးအသင်းအား ငွေသားဆုကျပ်သုံးသိန်းကို မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမြစိန်က လည်းကောင်း၊ ပထမဆုရရှိသော ရွှေညောင်အသင်းအား ဆုဖလားနှင့် ဆုငွေကျပ်ငါးသိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# ဂျိမ်းစ်၊ လူးကက်နှင့် ချန်ပီယံလိဂ် လွဲချော်မည့် ကစားသမားများ

ယခုတစ်ပတ်၏ ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ဒုတိယအကျော့ပွဲစဉ် တွေယှဉ်ပြိုင်ရန် နီးကပ်လာချိန်မှာ (၁၆)သင်းအဆင့်သို့ တက်လှမ်းလာခဲ့သည့်အသင်းများအနက် ရှော်လ်ကေးနှင့် ဘိုင်ယန်တို့သည် ဒဏ်ရာရနှင့် ပွဲပယ်ပြစ်ဒဏ်ကျခံရသည့် ကစားသမားအများအပြားရှိလာခဲ့သည်။

နည်းပြဒီမက်တီယို၏ ရှော်လ်ကေးအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ပြီး အသင်း၏ အားထားရသည့် ကစားသမားများဖြစ်သည့် ဖားမန်း၊ ဒရက်ဇ်လာ၊ ဂျက်ဖာဆန်နှင့် အိုဘာဆီတို့မှာ ယင်းပွဲစဉ်တွင် ပါဝင်လာမည်မဟုတ်ပေ။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဂျိမ်းစ်ရိုဒရီဂွက် ပါဝင်လာမည် မဟုတ်သော်လည်း တံကောက်ကြောဒဏ်ရာရထားသည့် ရာမို့စ်နှင့် ပေါင်ဒဏ်ရာရထားသည့် လူကာမိုဒရစ်တို့မှာ ပါဝင်လာဖွယ်ရှိနေသည်။

ယူကရိန်းမြေ၌ သရေရလဒ်ထွက်ပေါ်ခဲ့သည့် နည်းပြဂွာဒီယိုလာ၏ ဘိုင်ယန်မြူးနစ်အသင်းသည် နောက်တစ်ဆင့်တက်ရန်ရေပန်းစားနေပြီး ပထမအကျော့တွင် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည့် အလွန်ဆို ယခုဒုတိယအကျော့တွင် ပါဝင်လာမည်မဟုတ်သည့်အပြင် ဇာဗီမာတီနက်ဇ်၊ အယ်လ်ကန်တာရာနှင့် ဖိလစ်လမ်းတို့သည်လည်း ပါဝင်လာရန် မသေချာသည့်အနေအထားတွင် ရှိနေသည်။

ချယ်ဆီးအသင်းသည်လည်း မီခေးလ်ပါဝင်လာရန် မသေချာသေးသည်သာမကဘဲ စပါးအား အနိုင်ရရှိခဲ့သည့် ကက်ပီတယ်ဝမ်းဖလားနောက်ဆုံးဗိုလ်လုပွဲမှာ အောင်ပွဲခံရင်း ခြေသလုံးဒဏ်ရာရရှိခဲ့သည့် မာတစ်သည်လည်း ယခုဒုတိယအကျော့တွင် ပါဝင်လာမည်မဟုတ်ပေ။

ပီအက်စ်ဂျီအသင်းမှာမူ တောင်ပံကစားသမားလူးကက်နှင့် နောက်ခံလူအော်ရီယာတို့ ပါဝင်လာမည် မဟုတ်သော်လည်း သီယာဂိုမော့တာနှင့် ကာဘာရီတို့မှာ အကောင်းဆုံးပြန်လည် ကစားနိုင်ပြီဖြစ်သောကြောင့် အသင်းအတွက် အကောင်းဆုံးအနေအထားတွင်သာ ရှိနေသေးသည်။

ပေါ်တိုအသင်းမှာ ဘေဆယ်ကိုညှော်ခံကစားခဲ့ရပြီးနောက် အက်ဒရီယန်လိုပက်ဇ်နှင့် အိုလီဗာတောရက်တို့ ဒဏ်ရာပြဿနာကြောင့် ပါဝင်လာရန်မရှိဘဲ တိုက်စစ်မှူး ဂျက်ဆင်မာတီနက်ဇ်သည်လည်း ပါဝင်လာရန် မသေချာသည့်အခြေအနေတွင် ရှိနေသေးသည်။

**(ငွေကြယ်)**

# မန်ယူအတွက် ဘယ်နေရာမဆို ကစားပေးမည်ဖြစ်ကြောင်းတောင်ပံကစားသမား ဂျာနူဇက် ဖွင့်ဟပြောကြား

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းမှ ဘယ်လ်ဂျီယံလူငယ်ကစားသမား ဂျာနူဇက်သည် မန်ယူပထမအသင်းတွင် ကစားခွင့်ရရှိထားခြင်းကြောင့် နည်းပြဗန်ဟားလ်လက်ထက်တွင် မိမိအနေဖြင့် ဘယ်နေရာမဆို ကစားပေးသွားမည်ဖြစ်ကြောင်း အခိုင်အမာ ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၀)အရွယ်ရှိ တောင်ပံကစားသမား ဂျာနူဇက်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြဒေးဗစ်မိုယက်လက်ထက်တွင် ပွဲထွက်ကစားခွင့် ပုံမှန်မရရှိခဲ့ပေ။ ယခု နည်းပြဗန်ဟားလ်လက်ထက်တွင်မူ နည်းပြဗန်ဟားလ်၏ ၃-၅-၂ ကစားကွက်ဖြင့် အံဝင်သည့် ကစားသမားတစ်ဦးဖြစ်သည်။




ဘယ်လ်ဂျီယံလူငယ်ကြယ်ပွင့် ဂျာနူဇက်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပွဲပေါင်း ၁၈ ပွဲအထိ ပါဝင်ကစားပေးထားပြီးဖြစ်သည်။ ထို့ပြင် နည်းပြဗန်ဟားလ်လက်ထက်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရေးအတွက် ပါဝင်ကစားခွင့်ရမည်ဆိုပါက မည်သည့်နေရာမဆို ကစားပေးသွားမည်ဖြစ်ကြောင်း ဂျာနူဇက်က မန်ယူအသင်း၏ တရားဝင်ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။

"ကျွန်တော် ကစားချင်တဲ့နေရာကတော့ တောင်ပံကစားသမားနေရာပါပဲ။ မန်ယူအသင်းရဲ့ တောင်ပံတိုက်စစ်နေရာမှာ ကစားနိုင်တဲ့ကစားသမားတွေအများကြီးရှိပါတယ်။ ကျွန်တော်က ဘယ်နေရာမဆို ကစားနိုင်ပါတယ်။ ဒါကြောင့် ပုံမှန်ကစားခွင့် ရမယ်ဆိုရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် ကစားမှာပါ။" ဟု ဂျာနူဇက်က ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလား မရရှိနိုင်မှုနှင့်ပတ်သက်၍ ဝေဖန်စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း တောင်ပံကစားသမား ဂျာနူဇက်ကမူ ယခုနှစ်ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် မန်ယူအသင်း ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်းစာရင်း ဝင်နိုင်ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ထို့ပြင် မန်ယူအသင်း၏ ယခုနှစ်ဘောလုံးရာသီပစ်မှတ်သည် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရေးပင်ဖြစ်ကြောင်းလည်း ထပ်လောင်းပြောကြားခဲ့သည်။

**(နိုင်လင်းကြည်)**

# လှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နှင့် ကုန်းကြမ်းမြို့နယ်များတွင် နိုင်ငံတော် လုံခြုံအေးချမ်းရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီး အသက်နှင့် ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ကြသည့် စစ်သည်များနှင့် ရဲမေများအား ဂုဏ်ပြုသောအားဖြင့် ကူညီထောက်ပံ့နိုင်ရေးရန်ပုံငွေ "အနုပညာပဒေသာကပွဲ"ကို ရန်ကုန်မြို့၊ အမျိုးသားဇာတ်ရုံတွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၆ ရက်နေ့နှင့် ၇ ရက်နေ့တို့တွင် တင်ဆက်ကပြခဲ့ပါသည်။

အနုပညာပဒေသာကပွဲကြီးအား အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသဖြင့် လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ထိုသို့ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာပြည်တစ်နံတစ်လျားမှ လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း အလှူငွေများ ပေးအပ်ခဲ့ပါသော မိဘပြည်သူများအား ကျေးဇူးအထူးတင်ရှိအပ်ပါသည်။

ထို့အတူ အနုပညာပဒေသာကပွဲ၌ အနုပညာစွမ်းအားများဖြင့် ဝိုင်းဝန်းကူညီပေးခဲ့ပါသော အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများအားလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ပြဇာတ်တွင် ဦးဆောင်ခဲ့ကြသော သဘင်ပညာရှင် ဦးနန်းဝင်း၊ ဒါရိုက်တာ အကယ်ဒမီမောင်ငြိမ်းမင်းနှင့် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအားလည်းကောင်း၊ စစ်တီးဝိုင်းဖြင့် ပါဝင်ကူညီခဲ့ပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အားလည်းကောင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးခဲ့ပါသော ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ အနုပညာရှင်များနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ နှစ်ပါးသွားဖြင့် ကပြဖျော်ဖြေပေးပါသော မင်းသားစွမ်းဇာနည် ဇာတ်သဘင်အဖွဲ့အားလည်းကောင်း၊ တေးသံသာများဖြင့် ပါဝင်သီဆို တင်ဆက်ခဲ့ပါသော အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဦးမောင်မောင်အေး(အမျိုးသားစာပေဆုရ၊ ကဗျာဆရာမောင်ဟေမာ) နှင့် တေးသီချင်းများအား မေတ္တာဖြင့် ကူညီသီဆိုပေးခဲ့ပါသော အဆိုတော် ဒေါ်တင်တင်မြ၊ ဒေါ်ချိုပြုံးနှင့် ခေတ်ဟောင်း၊ ခေတ်လယ်၊ မျိုးဆက်သစ် အနုပညာရှင်များအားလည်းကောင်း၊ အနုပညာပဒေသာကပွဲအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့သူ စေတနာရှင် မိတ်ဆွေအားလုံးအားလည်းကောင်း၊ တိုင်းပြည်နှင့် ပြည်သူလူထုအပေါ် အစဉ်အမြဲ သစ္စာစောင့်သိ၊ အစဉ်အမြဲ ကာကွယ်လိုစိတ်ဖြင့် ပါဝင်ကူညီကြသော တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ် တပ်သားများနှင့် မိသားစုများအားလည်းကောင်း၊ တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုများကိုယ်စား ဒသမညီနောင်အဖွဲ့က လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒသမညီနောင်အဖွဲ့**
**စစ်တက္ကသိုလ်အမှတ်စဉ်(၁၀)အငြိမ်းစားအရာရှိများ**

# ဂျာမန်ပိုကယ်ဖလားကွာတားဖိုင်နယ် ဘိုင်ယန်နှင့် လေဗာကူဆင် ထိပ်တိုက်တွေ့ဆုံ

ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲလိုက်ပြီးနောက် လက်ရှိဂျာမန်ပိုကယ်ဖလား ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် လေဗာကူဆင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် ဟမ်းဘတ်အသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သကဲ့သို့ ယခုလေဗာကူဆင်အသင်းကိုလည်း ယင်းသို့ အနိုင်ရရှိရန် ဆန္ဒပြင်းပြလျက်ရှိသည်။

ထို့အတူ လေဗာကူဆင်အသင်းသည်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက သူတို့လုပ်နိုင်သည်ထက် ယခုနှစ်ဘောလုံးရာသီတွင် ပိုမိုစွမ်းဆောင်နိုင်ရန်အတွက် ပစ်မှတ်ထားလျက်ရှိသည်။

ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် လေဗာကူဆင်အသင်း၊ ဒေါ့မွန်အသင်းနှင့် ဟော်ဖန်ဟိမ်းအသင်း၊ ဝုလ်ဘတ်အသင်းနှင့် ဖရိုင်းဘတ်အသင်း၊ ဘီလီဖဲလ်ဒ်အသင်းနှင့် မိုချန်ဂလာဘတ်အသင်း စသည်ဖြင့် ထိပ်တိုက်ဆုံတွေ့မှုများ ရှိနေသည်။

အဆိုပါ ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၇ ရက်နှင့် ၈ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(ငွေကြယ်)**

# ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုမှာ စပါယ်ရှယ်ဝမ်းမဟုတ်ဟု ဒေးဗစ်လုဇ်ပြောကြား

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုမှာ စပါယ်ရှယ်ဝမ်းမဟုတ်ကြောင်း ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း၏ နောက်တန်းကစားသမား ဒေးဗစ်လုဇ်က ချယ်လ်ဆီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပွဲစဉ်အပြီးတွင် သုံးသပ်ပြောကြားခဲ့သည်။

နောက်တန်းကစားသမား ဒေးဗစ်လုဇ်သည် စပါယ်ရှယ်ဝမ်းဆိုသည့် နာမည်ဖြင့် ကာလရှည်ကြာရပ်တည်နေသည့် မော်ရင်ဟိုလက်ထက်တွင် ဘောလုံးရာသီတစ်ရာသီသာလျှင် ချယ်လ်ဆီးအသင်းအတွက် ပါဝင်ကစားပေးခဲ့ပြီး ပြီးခဲ့သည့်နှစ် ဇွန်လတွင် ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲကာ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကြေးယူရို သန်း ၅၀ ဖြင့် ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

"ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုဟာ သူ့ကိုသူတော့ စပါယ်ရှယ်ဝမ်းလို့ ပြောမှာပါ။ ဒါပေမယ့် ကျွန်တော့်အတွက်ကတော့ နည်းပြမော်ရင်ဟိုဟာ စပါယ်ရှယ်ဝမ်းမဟုတ်ပါဘူး။ ကျွန်တော်လည်း ချယ်လ်ဆီးအသင်းမှာ ထူးချွန်တဲ့ကစားသမားတစ်ဦးအဖြစ်နဲ့ ရပ်တည်ခဲ့ဖူးသလို ချယ်လ်ဆီးအသင်းအတွက်လည်း ဆုဖလားတွေအများကြီး ရယူပေးနိုင်ခဲ့ပါတယ်။ အဲ့ဒါကြောင့် ချယ်လ်ဆီးမှာ ကစားခဲ့စဉ်က အလွန်ပျော်ခဲ့ပါတယ်။"ဟု ပီအက်စ်ဂျီနောက်ခံလူ ဒေးဗစ်လုဇ်က ပြောကြားခဲ့သည်။

**(ငွေကြယ်)**



နှစ်ပေါင်း(၇၀)တိုင် MAIN STREAM MEDIAအဖြစ်ရပ်တည်လာခဲ့သော....

သင့်ရဲ့တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို(၅၀)သန်းသော
ပြည်သူတွေထံသို့ အရောက်ပို့ပေးနိုင်သော....

နိုင်ငံတကာသုတေသနအဖွဲ့များရဲ့ လေ့လာတွေ့ရှိချက်အရ
သတင်းအချက်အလက်မှန်ကန်တိကျမှုကို ပရိသတ်များ၏ ယုံကြည်မှုအမြင့်မားဆုံးရရှိထားသော....

မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ နေ့စဉ်ဖြစ်ပျက်နေတဲ့သတင်းများကို
နာရီစဉ်တိုင်းတင်ဆက်ပေးနေသော....

NATION WIDE NEWS CHANNEL

MRTV

ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများမှာ
သင့်ရဲ့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို ထည့်သွင်းကြော်ငြာခြင်းအားဖြင့်
ရုပ်မြင်သံကြား ကြော်ငြာများတွင် ရာခိုင်နှုန်းအလိုက် သက်သာခွင့်ရရှိစေမည့်


**Cross Package အခွင့်အလမ်း**

| သတင်းစာကြော်ငြာ အရွယ်အစား | MRTV တွင် သက်သာမည့်နှုန်းထား |
|---|---|
| မျက်နှာပြည့်ကြော်ငြာ (Full Page) | ၄၀ % |
| မျက်နှာဝက်ကြော်ငြာ (Half Page) | ၂၀ % |
| ၄ လက်မ × ၆ ကော်လံ (Quarter Page) | ၁၀ % |

မည်သည့်ကြော်ငြာ၊ မည်သည့်စက္ကန့်အပေါ်တွင်မဆို တစ်ကြိမ် လျှော့ပေါ့ပေးသွားမည်

၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိသာ

ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၁-၅၃၅၈၀၀
ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၆၇-၇၉၁၉၃၊ Gmail : mrtv.commercial@gmail.com



# တောင်ဘက်စွန်းဒေသတံခါးပေါက်နှင့် မြိတ်ကျွန်းစုခရီးသွားလုပ်ငန်း တိုးတက်မှု

ယမန်နေ့မှအဆက်
**ခ ခရီးသွား**

ကော့သောင်းမြို့ပေါ်ရှိပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ၏ စိတ်ဝင်စားစွာလည်ပတ်ကြသောနေရာများမှာ ဘုရင့်နောင်အငူ၊ ဘုရင့်နောင်ရုပ်တုပန်းခြံ၊ မွေတော်ကျွန်း၊ မြို့မတံတား၊ ပြည်တော်အေးဘုရား၊ ငါးသုံးလုံးတော်၊ ရွှေပြည်သာ အာနန္ဒာစေတီနှင့် ပြတိုက်၊ ပုလုံးတုံးတုံးကမ်းခြေနှင့် တံတား၊ မလိဝမ်ရေတံခွန်နှင့် ရေပူတွင်း၊ သုံးမိုင်မြို့အဝင်တို့ဖြစ်ကြသည်။

မြိတ်ကျွန်းစုတွင် ကမ်းခြေအလှပဆုံးသော ကျွန်းများမှာ စေတန်ကျွန်း၊ မြောက်နီကျွန်း၊ ငထွေရှူးကျွန်း၊ ညောင်ဦးဖီးကျွန်း၊ ခက်ရင်းခွကျွန်း၊ လုံးလက်ဖယ်ကျွန်း၊ ဘာဝယ်လ်ကျွန်း၊ ကျွန်းဖီလာကျွန်း၊ ၁၁၅ ကျွန်း၊ ဖိုးနီကျွန်း၊ ဘိုချိုကျွန်း၊ လန်ပိကျွန်း၊ ဝအလယ်ကျွန်း၊ စောပုကျွန်း၊ စောင်းကောက်ကျွန်း စသည်တို့ဖြစ်သည်။ ယင်းကျွန်းများ၏ ကမ်းခြေများ၌ အလွန်နူးညံ့ပြီး ဖြူဖွေးသော သဲသောင်ခုံများရှိသည်။

Snorkeling ကြည့်၍ကောင်းသော ကျွန်းများမှာ မြောက်နီကျွန်း၊ ခေါင်ညိုကြီးကျွန်း၊ ဘာဝယ်လ်ကျွန်း၊ ဖလော်ကာဂျန်လိုကျွန်း၊ ငါးမန်းကျွန်း၊ ကျွန်းဖီလာကျွန်း၊ သာယာကျွန်း၊ ၆၀ ကျွန်း၊ ခရင်းခွကျွန်းစသည်တို့ ဖြစ်သည်။

Snorkeling ပြုလုပ်ခြင်းအားဖြင့် ရေတိမ်ပိုင်းတွင် ရှင်သန်သော သန္တာကျောက်တန်းမျိုးစုံ၊ ငါးမျိုးစုံတို့ကို လေ့လာတွေ့ရှိနိုင်သည်။

Scuba Diving ကြည့်၍ ကောင်းသော ကျွန်းများမှာ စေတန်ကျွန်း၊ သံကျွန်းလေး၊ ကြက်မောက်ကျွန်း၊ Western Rocky၊ Sea Fan Forest Panicle၊ SouthTwin၊ North Twin၊ OK Rock၊ Black Rock၊ Rocky I၊ Steward၊ Nine Pin စသည့် ကျွန်းများဖြစ်သည်။ ယင်းကျွန်းများတွင် Scuba Diving ပြုလုပ်ခြင်းဖြင့် ပင်လယ်ရေအောက်ရှိ အရောင်အသွေးနှင့် အမျိုးအစားစုံလင်လှသော သန္တာကျောက်တန်းများ၊ ရေသတ္တဝါမျိုးစုံနှင့် ၎င်းတို့ လှုပ်ရှားသွားလာနေပုံတို့ကို လေ့လာသိရှိနိုင်ပါသည်။

ကော့သောင်းဒေသနှင့် မြိတ်ကျွန်းစုသည် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ပြည့်စုံပြီး ဆလုံလူမျိုးတို့၏ ထူးခြားသောလူမှုနေထိုင်မှုဘဝကိုလည်းလေ့လာနိုင်သော ဒေသတစ်ခုဖြစ်သည်။



**ပင်လယ်ရေအောက်ရှိ အရောင်အသွေးနှင့် အမျိုးအစားစုံလင်လှသော သန္တာကျောက်တန်းများ၊ ရေသတ္တဝါမျိုးစုံနှင့် ၎င်းတို့လှုပ်ရှားသွား. . . .**

မြိတ်ကျွန်းစုသည် National Geographic Traveler အဖွဲ့၏ သုတေသနပြုချက်အရ Best Trip 2015 တွင် အဆင့် (၁၁) ရရှိသော ဒေသဖြစ်သဖြင့် နိုင်ငံတကာမှ ခရီးသွားများ၏ စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာသော ဒေသတစ်ခုလည်းဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသည် ရောက်ရှိမှုအနေဖြင့် စက်တပ်ရွက်လှေခရီးစဉ်များ၊ ရနောင်း-ကော့သောင်းဝင်ပေါက်နှင့် ရန်ကုန်မှ လေယာဉ်ဖြင့် လာရောက်လည်ပတ်ကြသော ခရီးသည်များသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်တစ်ခုအဖြစ် ၂၀၁၅ ခုနှစ် မတ် ၁ ရက်၌ မြန်မာနိုင်ငံ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးကြပ်၍ ကော့သောင်းခရိုင် ကုန်သည်ကြီးများအသင်းနှင့် ထိုင်းနိုင်ငံ၊ ရနောင်းခရိုင်၊ ခရီးသွားလာရေးနှင့် အားကစားရေးရာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် နှစ်နိုင်ငံချစ်ကြည်ရေး စက်ဘီးစီးပွဲတော်အဖြစ် ထိုင်းနိုင်ငံ၊ ဗန်ကောက်ခရိုင်၊ ဖန်ငခရိုင်၊ ဖူးကက်ခရိုင်၊ စူရဌာနီခရိုင်၊ ရနောင်းခရိုင်တို့မှ အပျော်တမ်း စက်ဘီးစီးသူ အမျိုးသား ၁၅၈ ဦး၊ အမျိုးသမီး ၃၃ ဦး၊ စုစုပေါင်း ၁၉၁ ဦးတို့သည် အင္ဂါဝါရပ်ကွက်၊ မြို့မတံတားလမ်း နာရီစင်မှစတင်၍ မလိဝမ် ကျေးရွာအထိ စက်ဘီးစီးနင်းခဲ့ကြပါကြောင်း ဖော်ပြအပ်ပါသည်။

## ဖျာပုံမြို့နယ်၌ ကွန်ကရစ်လမ်းနှင့် ဆိုလာမီး ဖွင့်ပွဲကျင်းပ

**ဖျာပုံ မတ် ၉**

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော ခမင်းဆိပ်-တင်ပုလ္လဲ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲကို မတ် ၆ ရက် တင်ပုလ္လဲကျေးရွာရှိ ခမင်းဆိပ် ဆိုင်ကလုံးရှယ်တာ ၌ နံနက် ၈နာရီခွဲကကျင်းပခဲ့သည်။

ဆက်လက်၍ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် Amber Star မီးလင်းရေးကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်သော လက်ပန်ကျေးရွာ ဆိုလာမီးလင်းရေးဖွင့်ပွဲအား ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲ သံတောင်ကြီးမြို့၌ကျင်းပ

**သံတောင်ကြီး မတ် ၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြုလုပ်သော စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မတ် ၆ရက် နံနက် ၉နာရီတွင် သံတောင်မြို့ ရှင်မာကုဓမ္မရိပ်သာဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတက်ရောက်အဖွင့် အမှာစကားပြောကြားခဲ့ပြီး ဆက်လက်၍ လိပ်သိုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နွယ်နွယ်အေးက စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ သံတောင်မြို့နယ် လိပ်သိုမြို့နှင့် ဘောဂလိမြို့များရှိ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာအသီးသီးတို့မှ စာကြည့်တိုက်မှူးများနှင့် စာပေဝါသနာရှင်များ စုစုပေါင်း ၄၆ ဦးတက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို မတ် ၆ရက်မှ ၇ ရက်ထိနှစ်ရက်တိုင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စောမင်းသား**


မြန်မာမြတ်စွယ်ရီ Travels & Tours Co.,Ltd
ကိုရီးယားခြေ (ဧပြီသင်္ကြန် ၁၅-၂၂) 5* 4* 3* Hotel (အပြီးအစီး)
ကိုရီးယားအခြေစိုက်မြန်မာကိုယ်ပိုင်ရုံးခွဲ
(၅ရက်/၄ည)- $1290 (၈ရက်/၇ည)- $1890
အမှတ်(၁၂၂/၁၂၄)၊ကျိုက္ကဆံလမ်းနှင့်လမ်း(၁၅၀)ထောင့်၊တာမွေ။
01-551240, 09-73160843, 09-5003647

City FM မှ ထုတ်လွှင့်လျက်ရှိသော သင်္ကြန်အထူးခရီးစဉ်များ
* တောင်ကြီး-အင်းလေး-ကလော-ပင်းတယ-မွေတော်ကက္ကူ-ထန့်စမ်းဂူ
* မန်းရွှေစက်တော်-ပုဂံ-ညောင်ဦး-ပခုက္ကူ(သီဟိုဠ်ရှင်)-ပုပ္ပါး
* မန္တလေး -ပြင်ဦးလွင် -စစ်ကိုင်း-မုံရွာ-မင်းကွန်း
* ချောင်းသာ/ငွေဆောင် (Special Package)
အဆင့်မြင့်ဟိုတယ်တည်း၊ စားသောက်ဆိုင်စား၊ အဆင့်မြင့်စရိတ်ငြိမ်း

ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ
အရေးသီးသန့် နှင့် Speaking
နွေခေါ်လ မတ်လ(၉)ရက်စမည်
Guide များအိမ်လိုက်သင်သည်၊ ၇၊၈၊၉၊၁၀-တန်း လက်ခံနေပြီ
သုံးဆင့်သင် နိုင်ငံကျော် မူပိုင်နည်းသစ်စာအုပ်နှင့် ကိုယ်တိုင်သင်သည်၊
၈နှ-၃လနှင့် Essay, Letterကိုယ်တိုင်တွေး/ရေးတတ်ရမည်၊ ၄၊၅၊၆-တန်း(သီးသန့်)
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ဂန္တဝင်ရွှေပုဂံ Travels & Tours
သင်္ကြန်ခရီးစဉ်
| | | |
|---|---|---|
| ပုဂံ (သီရိပစ္စယာဟိုတယ်) + ပခုက္ကူ | (၄ ညအိပ်-၅ရက်) | ၁.၉ သိန်း |
| ပုဂံ (သီရိပစ္စယာဟိုတယ်) + ပြင်ဦးလွင် | (၅ ညအိပ်-၆ရက်) | ၂.၂ သိန်း |
| တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | (၄ ညအိပ်-၅ရက်) | ၁.၉ သိန်း |
| ထားဝယ်(ရှင်ကိုးရှင်) + မြိတ် | (၆ ညအိပ်-၇ရက်) | ၂.၉ သိန်း |
| ထားဝယ် (ရှင်ကိုးရှင်) + ကန်ချနာဘူရီ | (၆ ညအိပ်-၇ရက်) | ၃.၂ သိန်း |
| စစ်တွေ-မြောက်ဦး(Flight) | (၄ ညအိပ်-၅ရက်) | ၆.၂ သိန်း |

No.67,Baho Rd,Sanchaung,Ph: 01-500191,519292,519293, 510218,510491
81 Rd,Bet 33 x 34 Street,Mandalay
Ph: 09-73013856,09-31693339
Hot Line: 09-73003772

Royal Gandamar Travels & Tours
3*Hotels, Scania Express, Meals, Guide စရိတ်ငြိမ်း
| | | |
|---|---|---|
| >အင်းလေး-တောင်ကြီး-ထန့်စမ်းဂူ-ကလော-ပင်းတယ (၅ရက်) | Mar 26 | ၁၉၀,၀၀၀ |
| >ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ (ရွှယ်တော်(၄)ဆူ) VIP Executive (၄ရက်) | Mar 26 | ၁၇၀,၀၀၀ |
| >မန္တလေး-စစ်ကိုင်း-မင်းကွန်း-ပြင်ဦးလွင်-ဒီးဒုတ်ရေတံခွန် (၅ရက်) | Mar 26 | ၁၆၀,၀၀၀ |
| >အလောင်းတော်ကဿပ-စစ်ကိုင်းကောင်းမှုတော်-မုံရွာ-မိုးညှင်းသမ္ဗုဒ္ဓေ (၄ရက်) | Mar 26 | ၁၅၀,၀၀၀ |
| >ပြည်-အကောက်တောင်-ပျူမြို့ဟောင်း | (အပတ်စဉ် သောကြာနေ့) | ၃၀,၀၀၀ |
| >ကရင်ပြည်နယ်-ဘားအံဂူများနှင့် ရေပူစမ်း | (အပတ်စဉ် သောကြာနေ့) | ၃၅,၀၀၀ |
| >မော်လမြိုင်-ကျိုက်ခမီ-စက်စံတမ်းခြေ | (အပတ်စဉ် သောကြာနေ့) | ၃၅,၀၀၀ |

အမှတ် (၆၉)၊ ဒုထပ်၊ ကိုင်းတန်းလမ်း လမ်းမတော်မြို့နယ်(near Junction Mawtin)
Call:09 333 53275, 09 250 892626, 09 36590 808, 09 3659 2255

ဂန္တဝင်ရွှေပုဂံ Travels & Tours
No.67, Baho Rd,Sanchaung Township,
Ph: 01-500191,519292,519293,510491,
519360,09-252281456, 09-73003772
81 Rd,Bet 33 x 34 Street, Mandalay
Ph: 09-73013856,09-31693339
* ဈေးနှုန်းများအားလုံး *
4 Star Hotels နှင့် All Included

| | | |
|---|---|---|
| ဗန်ကောက် | (၆)ရက် | USD 720 |
| ဗန်ကောက်+ဖူးခက် | (၆)ရက် | USD 1100 |
| စင်ကာပူ | (၄)ရက် USD 880 / (၅)ရက် | USD 1000 |
| စင်ကာပူ+မလေးရှား | (၈)ရက် | USD 1400 |
| ဘာလီ | (၅)ရက် | USD 1100 |
| ဘာလီ+စင်ကာပူ | (၈)ရက် | USD 1500 |
| ဗီယက်နမ် | (၆)ရက် | USD 850 |
| ဗီယက်နမ်+ကမ္ဘောဒီးယား | (၈)ရက် | USD 1350 |
| ကမ္ဘောဒီးယား+လာအို | (၈)ရက် | USD 1800 |
| ဘူတန် | (၅)ရက် | USD 2800 |
| သီရိလင်္ကာ | (၇)ရက် | USD 1400 |
| ဂျပန် | (၉)ရက် | USD 3200 |
| ကိုရီးယား | (၈)ရက် | USD 2000 |
| ရုရှား | (၉)ရက် | USD 4500 |
| ဒူဘိုင်း+အဘူဒါဘီ | (၇)ရက် | USD 1950 |
| စီအမ် (တရုတ်ကိုတရုတ်တ) + ချန်ဒူး | (၈)ရက် | USD 1900 |
| ပီကင်း+ရှန်ဟိုင်း+ကူမင်း | (၈)ရက် | USD 1800 |
| ဟောင်ကောင်+ကွမ်ကျိုး+မကာအို | (၈)ရက် | USD 1700 |
| မော်လဒိုက် | (၅)ရက် | USD 1700 (မှ၍) |
| ဩစတြေးလျ | (၁၁)ရက် | USD 4500 |
| အင်္ဂလန်+စကော့တလန် | (၁၀)ရက် | USD 5500 |
| စပိန်+ပေါ်တူဂီ | (၁၄)ရက် | USD 4500 |
| ဥရောပနိုင်ငံကြီး (၈) နိုင်ငံ | (၁၅)ရက် | USD 4800 |
| နော်ဝေး+ဆွီဒင်+ဒိန်းမတ်+ဖင်လန် | (၁၂)ရက် | USD 5300 |
| အမေရိကန် | (၁၆)ရက် USD 6700 / (၂၀)ရက် | USD 7700 |

သင်္ကြန်ခရီးစဉ်များအား လေယာဉ်ထိုင်ခုံ အရေအတွက် ကန့်သတ်ထားပါ၍ ကြိုတင်ဘိုကင်တင်ပါရန်။

## စာပေနှင့်အနုပညာ




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် အင်္ဂါနေ့တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ဦးအုန်းသန်း(ဥပဒေ)၏ ဥပဒေရေးဆွဲခြင်းအနုပညာစာအုပ်ထွက်ရှိ




ဤစာအုပ်တွင် ဥပဒေရေးဆွဲရာတွင် လိုက်နာရသည့် အခြေခံမူသဘောတရားများ၊ ရေးထုံးရေးနည်းများအပြင် ဥပဒေရေးဆွဲရေးပညာကို စတင်လေ့လာသူတစ်ဦးအနေဖြင့် ကိုယ်တိုင်ရေးဆွဲတတ်စေရန် ပြဋ္ဌာန်းပြီး ဥပဒေအချို့နှင့် ပြင်ဆင်သည့် ဥပဒေအချို့ကို လေ့လာနိုင်ရန် ထည့်သွင်းဖော်ပြထားသည်။

စာရေးသူက နိုင်ငံတော်၌ ဥပဒေရေးဆွဲရေးပညာရှင် အမြောက်အမြား ပေါ်ထွန်းမှသာလျှင် ပြည်သူနှင့်နိုင်ငံတော်အားအကျိုးပြုသည့် ဥပဒေများ ပွင့်လင်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဤစာအုပ်သည် ဥပဒေရေးဆွဲရေးပညာကို သေချာသည်ဟု ဆိုရပေါ်ကြောင်းဖြင့် စကားဦးနိဒါန်းတွင် ဆိုထားသည်။

ယင်းစာအုပ်ကို ရန်ကုန်မြို့တွင် ၇၇၇၇ စာပေ၊ အာရှပလာဇာဈေးရုံ၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ မန္တလေးမြို့တွင် ထွန်းဦး၊ နဂါး၊ ညိုစာပေ စိတ်ကူးချိုချို၊ ပိတောက်ရနံ့ စာအုပ်တိုက်၊ တောင်ကြီးမြို့တွင် မီလျံနာစာပေတို့က တန်ဖိုး ငွေကျပ် ၇၀၀၀ဖြင့် ဖြန့်ချိထားကြောင်းသိရသည်။

## ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ ကျွန်တော်နဲ့ --- ဆောင်းပါးများစုစည်းမှု-အတွဲ(၂)စာအုပ်ထွက်ရှိ





မြန်မာ့အလင်းသတင်းစာတိုက်တွင် အပတ်စဉ်ဖော်ပြသည့် ဆောင်းပါးများကို စုစည်းပြီး အတွဲ(၂)အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ဤစာအုပ်တွင် ကျွန်တော်နဲ့ UN Global Compact၊ ကျွန်တော်နဲ့ကျူရှင်စနစ်၊ နောက်လိုက်ကောင်းများ၊ ဂျီ ၂၀၊ အလုပ်လုပ်ခြင်း၊ ဖီလစ်ကော့တလာ၊ ဉာဏ်ရည်ထက်မြက်မှု၊ ပါမောက္ခယူးနစ်(စ်)၊ ပြောင်းလဲမှု စီမံခြင်း၊ ခေါင်းဆောင်မှု ပညာစသည့် ဆောင်းပါး ၃၄ ပုဒ်ပါရှိပြီး ဆရာကြီး၏ ဖြတ်သန်းခဲ့သည့် ကာလ၊ ရခဲ့သည့်အတွေ့အကြုံများကို မျှဝေထားခြင်းဖြစ်သကဲ့သို့ မျက်မှောက်ခေတ်၏ အတွေ့အကြုံများနှင့် ပတ်သက်ပြီး ဆရာကြီး၏ အထင်အမြင်များကို ဖော်ထုတ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

ဆရာကြီးက "ကျွန်တော်တို့နိုင်ငံမှာ စဉ်းစားတတ်တဲ့သူတွေ၊ တွေးခေါ်တတ်တဲ့ သူတွေ၊ ဆင်ခြင်တတ်တဲ့သူတွေ၊ မေးခွန်းထုတ်တတ်တဲ့သူတွေ အများကြီးလိုကြောင်း၊ အရာရာကို ခေါင်းညိတ်ပြီး လက်ခံတာမျိုးမဟုတ်ဘဲ မိမိကိုယ်ပိုင်အတွေးအခေါ်နဲ့ ဆင်ခြင်ပြီး အဖြေကို မိမိကိုယ်တိုင် ဖော်ထုတ်နိုင်စွမ်းရှိရမှာဖြစ်ကြောင်းဖြင့် အမှာစာတွင် သူ၏ စေတနာစကားကို ရေးသားထားသည်။

စာအုပ်ဝယ်ယူလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင် ဖုန်း ၀၁-၂၄၈၁၀၂ နှင့် ၀၉-၇၃၁၀၀၂၇၄ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြသည်။ တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြစ်သည်။

## ဘုန်းကံကြီးတဲ့သူတွေ




ခေါင်းစဉ်ကိုက စိတ်ဝင်စားစရာကောင်းသည်။ စာရေးသူ၏ ၁၂ အုပ်မြောက်စာအုပ်ဖြစ်၏။ ဘုန်းကံကြီးတဲ့သူတွေသည် မြန်မာနိုင်ငံသားတွေပါဟု ဆရာက ညွှန်းဆိုထားသည်။ မြန်မာနိုင်ငံသည် သာသနာသိုက်တည်ရာမှီရာ နိုင်ငံဟုဆိုသည်။ ဘာသာတရားဆိုသည် ဘဝအဓိပ္ပာယ် နှင့် ဘဝသံသရာ၏ အကြောင်းအကျိုးကို ရှာဖွေခြင်းဖြစ်သည်။


ကမ္ဘာတစ်ခွင်တွင် အမျိုးမျိုးသော လူမှုဒုက္ခများ၊ ဒုက္ခများမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း၊ အမျိုးမျိုးသော အယူဝါဒ၊ အတွေးအခေါ်၊ နည်းပညာများနှင့် ကုသသော် ကုသငြား တစ်နေ့တခြားလုံးပါးပါးနေရသော လူသားတွေအတွက် ဆေးတစ်ဖုံဟာ တစ်ခုတည်းသာရှိကြောင်း ဆရာက ညွှန်းသည်။

နောက်ထပ်ခေါင်းစဉ်တစ်ခုမှာ မသေဆေး။ ဆရာက အနောက်တိုင်း၏ မသေဆေးရှာပုံတော်၊ အရှေ့တိုင်း၏ မသေဆေးရှာပုံတော်စသည်ဖြင့် မသေဆေးအမျိုးမျိုးကို နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေထားသည်။ နောက်ဆုံးတွင် တကယ်မသေနိုင်သော ဆေးတစ်မျိုးကို ဆရာတွေ့ရှိသွားဟန်တူသည်။

အချစ်အကြောင်းကိုလည်း ပြောထားပါသေးသည်။ ချစ်ခြင်းမေတ္တာအကြောင်းကို နားလည်က ဘာသာရေးအကြောင်း နားလည်လာမည်။ ဘာသာရေးအကြောင်းကို နားလည်က လူပီသလာမည်။ ဘဝအဓိပ္ပာယ်ကိုလည်း ရှာဖွေတွေ့ရှိမည်။

နေစရာလောကဆိုသော အတွေးတွင် လူသားတွေသည် လောကကြီး၏ အဓိပ္ပာယ်၊ ကိုယ့်ရဲ့နေစရာလောကကို စကြာဝဠာပြိုဟ်တွေအထဲ ချဲ့ထွင်ပြီးရှာဖွေကြကြောင်း၊ တကယ်တမ်းတွင် လောကကြီး၏ အဓိပ္ပာယ်နှင့် နေစရာ လောကသည် ကိုယ့်ခန္ဓာကိုယ်အတွင်းမှာသာ ရှိနေကြောင်း၊ ဒီခန္ဓာကိုယ်ထဲက ကိုယ်လောကမှာနေဖို့ ကိုယ့် လောကကို ကိုယ်သိနိုင်ဖို့ လိုအပ်တယ်ဆိုသည့်အကြောင်း ဖတ်၍သင့်၊ ဖတ်၍ ထိုက် သော. . . စာအုပ်ကောင်းတစ်အုပ်အဖြစ် ညွှန်းဆိုချင်ပါသည်။

## ငြိမ်းချမ်းရေး(သို့မဟုတ်) သူလိုဘုရင်




Rabindranath Tagore စာအုပ်ကို ဆရာကြီး ပါရဂူ မြန်မာပြန်ဆိုထားသည့် "ငြိမ်းချမ်းရေး (သို့မဟုတ်) သူလို ဘုရင်"စာအုပ်ထွက်ရှိလာသည်။ ဆရာကြီး ပါရဂူက အကြမ်းမဖက်ရေးအတွက် အားထုတ်မှု၊ သွေးမြေမကျစေရေးအတွက်ကြိုးစားမှု၊ ငြိမ်းချမ်းရေးအတွက် လုံးပမ်းမှု၊ စစ်ဆန့်ကျင်ရေးအတွက် ကြိုးပမ်းမှုတို့အတွက် ရည်ညွှန်း ဘာသာပြန်ဆိုထားသည်။ ဝတ္ထုတွင်ပရိပူရဘုရင် ဂေါဝိန္ဒမဏိကျ မြစ်ဆိပ်သို့ ရေချိုးဆင်းရန် နောက်ပါများနှင့် ရောက်လာစဉ် ကလေးမလေးတစ်ယောက်နှင့် သူမ မောင်ငယ်တို့၏ ရိုးသားအပြစ်ကင်းစင်သည့် နှလုံးသားများ၏ အလိုဆန္ဒများကို ဖြည့်ဆည်းပေးလိုက်ပုံနှင့် အစချီထားသည်။ ငြိမ်းချမ်းရေးအကျိုးဆောင် သူလိုဘုရင်၏ ရသမြောက်သရုတ်ဖော်ထားမှုများကို အခန်းပေါင်း ၄၂ ခန်းဖြင့်နှစ်ခြိုက်စွာဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်ကို အမေ့ဥယျာဉ်စာအုပ်တိုက် အမှတ်-၂၀၊ စီ- ၄၊ (၅၅)လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

# အမုန်းများနှင့် လှတဲ့သူ

**တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)**

လူတိုင်းသည် အမုန်းမခံချင်ကြ၊ မုန်းမှာကို ကြောက်ကြသည်။ မုန်းမည့်အလုပ်၊ မုန်းမည့်နေရာဆိုလျှင် ခေါင်းခါချင်သူကများ၏။ ထိုအထဲမှာမှ ရှားရှားပါးပါး အမုန်းကိုမှ တန်ဖိုးထားသူ ရှိပြန်သည်။ အမုန်းသည် ခွန်အားဟု ထိုသူသည် ခံယူထားပုံရ၏။ အမုန်းကိုလိုလိုလားလား၊ မမုန်းမုန်းအောင်ကြိုးစားသည်။ အမုန်းကြီးမုန်းမှ အပြုံးကြီးပြုံးတတ်လေသူ။ ထိုအမုန်းများကား သူ့ဘဝ၏အဖော်မွန်၊ အမုန်းများ၏ စွမ်းအားကြောင့်ပင် အောင်မြင်မှုအပေါင်း သရဖူဆောင်းခဲ့လေပြီ။ ထိုသူကား အခြားမဟုတ်၊ နာမည်ကြားရုံဖြင့် အများသိပြီးဖြစ်သည်။

"အကယ်ဒမီ ဦးကျော်လုံး" အမည်ရင်း- ဦးအောင်ကြီး၊ မြင်းခြံခရိုင် နွားထိုးကြီးမြို့သား ၁၉၁၉ ခုနှစ် မတ်လမှာ မွေးဖွားသည်။ အဖ ဦးသေး၊ အမိ ဒေါ်တင် မွေးချင်း ခုနစ်ယောက်အနက် စတုတ္ထမြောက်၊ ရှေးခေတ် ၁၀ တန်းအောင်၊ ၁၉၄၃ ခုနှစ်တွင် တောင်သာသူ ဒေါ်မြမြနှင့် အိမ်ထောင်ကျပြီး သားသမီး ခုနစ်ယောက် ထွန်းကားခဲ့သည်။ အစိုးရဝန်ထမ်း ထောင်ပိုင်ဘဝဖြင့် မြင်းခြံ၊ ချောက်၊ မိတ္ထီလာမြို့တို့တွင် တာဝန်ကျခဲ့ပြီး မန္တလေးမြို့ ထောင်ပိုင်ကြီးဘဝဖြင့် အငြိမ်းစားယူခဲ့သည်။ မန္တလေးသင်္ဂီတဝိုင်း၌ ဆိုက်ဆိုဖုန်းနှင့် ကလဲရီးနက်တူရိယာပညာရှင်အဖြစ် ပါဝင်တင်ဆက်ခဲ့ပြီး အဆိုကောင်းသူတစ်ယောက်လည်းဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် မန္တလေးရုပ်ရှင်စတင်တည်ထောင်ပြီး ပွဲဦးထွက်ဇာတ်ကားအဖြစ် ဒါရိုက်တာ ဦးသုခရိုက်ကူးသည့် ဘဝသံသရာ ဇာတ်ကားတွင် စစ်ဗိုလ်အေးကြူ ဆေးရုံတက်စဉ် ကုသသည့် ဆရာဝန်နှင့် စကားပြောဖော်ဆရာဝန်အဖြစ် မထင်မရှား ပါဝင်သရုပ်ဆောင်ခဲ့သည်။ မန္တလေးရုပ်ရှင်၏ တတိယဇာတ်ကားဖြစ်သော ဒါရိုက်တာရွှေဒုံးဘီအောင် "ဤလူ့ဘောင်တွင်"ဇာတ်ကားတွင် ဒုတိယအကြိမ်မြောက် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားတွင် သရုပ်ဆောင်အဖြစ်ပါဝင်သူ ကိုမင်းလွင်(သရုပ်ဆောင် နွဲ့နွဲ့အေး၏ ယောကျ်ား)သည် ဆိုင်ကယ်မှောက်ပြီး ရုတ်တရက်ကွယ်လွန်သွားသည့်အတွက် ဘဘသည် ကိုမင်းလွင်နေရာကို ဝင်ရောက်သရုပ်ဆောင်ခဲ့ရသည်။ ဇာတ်ဝင်ခန်းအမည် "ကျော်လုံး"ဘဘအတွက် ရုပ်ရှင်လောကသို့ လျှောက်လှမ်းရန်အတွက် ဈေးဦးပေါက်အမည်ဖြစ်သည့်အတွက် မြတ်နိုးစွာခံယူရင်း ထို"ကျော်လုံး" အမည်ကို ရာသက်ပန် အသုံးပြုခဲ့သည်။ ထိုဇာတ်ကားအပြီး မန္တလေးမှ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်၍ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့သည်။ ဇာတ်ကားအများစုတွင် ဘဘသည် ဇာတ်ပို့၊ ဗီလိန်၊ အများမလုပ်ချင်သည့်နေရာကို ဘဘလုပ်သည်။ ကွက်လပ်ဖြည့်သည်။ တွေဝေမနေ၊ ခေါင်းမရှောင်၊ ဘဘအတွက်နေရာသည် အဓိကမဟုတ်၊ ဆေးစက်ကျရာ စစ်မှန်သော အနုပညာကို ပီပြင်အောင်ဖန်တီးခြင်းဖြင့် ပရိသတ်၏ချစ်ခင်အားပေးမှုကို ရမည်ဟု ဘဘယုံကြည်သည်။

မည်မျှကောင်းမွန်သည့် အသား၊ ငါးတို့ဖြင့် ချက်ပြုတ်ပါစေ၊ ဆားမပါလျှင် ဟင်းကောင်းတစ်ခွက်အဖြစ်သို့ မရောက်နိုင်၊ တိုက်စစ်မှူးမည်မျှကောင်းပါစေ ကွင်းလယ်ကစားသမားအကွက်မဆင်နိုင်လျှင်၊ အပို့မကောင်းလျှင် အောင်မြင်သော ဘောလုံးအသင်းတစ်သင်းဖြစ်မလာနိုင်၊ ပရိသတ်အရှိုက်ထိသည် ဇာတ်ကားကောင်းတစ်ကားဖြစ်ဖို့ရာ ဇာတ်ပို့နေရာသည် အရေးပါလှသည်။ ဘဘသည် ဇာတ်ရှိန်တက်အောင်၊ ဇာတ်နာအောင်တွန်းပို့နိုင်သည့် ဇာတ်ပို့ကောင်းတစ်ယောက်၊ သို့ဖြစ်သည့်အတွက် ၁၉၆၂ ခုနှစ်တွင် "အတွေ့"၊ ၁၉၆၄ ခုနှစ်တွင် "ရင်ထဲဝယ်တသိမ့်သိမ့်"၊ ၁၉၆၄ ခုနှစ်တွင် "ချစ်သမီး"ဇာတ်ကားများဖြင့် အကောင်းဆုံးဇာတ်ပို့ထူးချွန် အကယ်ဒမီ သုံးဆုရရှိခဲ့သည်။

စာရေးသူ မေ့မရလောက်အောင် အရှိုက်ထိစေခဲ့သည့် "အလင်းရောင်"ဇာတ်ကားမှ ဘဘ၏ သရုပ်ဆောင်ကွက်များကို အကျဉ်းချုပ်၍ပြန်လည်တင်ပြရလျှင် ဇာတ်ကားထဲတွင် ဘဘကလူ့ရုပ်လူ့ပွေ၊ ဒေစီကျော်လင်းက ရိုးသားသော ကောလိပ်ဂျင်နေဝင်းကို ရွေးချယ်လိုက်သည့်အတွက် အူနုကျွဲခတ်၊ နာကျည်းခံပြင်းလှသည်။ အခဲမကြေ၊ ကောလိပ်ဂျင်နေဝင်းနှင့် ဒေစီကျော်ဝင်းတို့ နှစ်ဦးစလုံး စိတ်ဒဏ်ရာရအောင် အကောက်ကြံတော့သည်။ ထိုနေရာတွင် ဗီလိန်ဆိုပြီး ဝုန်းဒိုင်းမကြဲ၊ ဘီလူးက ကရသော်လည်း ညက်ညက်လေး၊ အချိုသွေးပြီး ကောလိပ်ဂျင်နေဝင်းကို ခင်မင်ယောင်ပြ၊ အရက်သမားကြီးလုံးလုံးဘဝဖြစ်သွားအောင် စည်းရုံးဖျက်ဆီးလိုက်ပုံမှာ ပညာသားပါလှသည်။ ကောလိပ်ဂျင်နေဝင်းက ဖျက်ဆီးလို့ဖျက်ဆီးမှန်းမသိ။ ကျေးဇူးရှင်ကြီးလို့ပင် ထင်လိုက်သေးသည်။ လူယုံသတ်လျှင်သေသည့်အဖြစ်မျိုး၊ ကြည့်ရင်းကြည့်ရင်း စိမ့်စိမ့်ပြီး ကြောက်စရာကောင်းလှသည်။

သရုပ်ဆောင်- ဒါရိုက်တာ ဦးငွေအောင်(ဆွေဗမာ) လက်လှမ်းမီသမျှ ပြုစုထားသည့် မှတ်တမ်းများအရ ဘဘပါဝင်ရိုက်ကူးခဲ့သော ဇာတ်ကားပေါင်း ၄၃ ကားရှိသည်။ ပြုစုသူ လက်လှမ်းမမီသော ဇာတ်အချို့လည်း ကျန်ရှိနိုင်ပါသည်။ ထိုဇာတ်ကားများထဲမှ ထင်ပေါ်ကျော်ကြားသော ဇာတ်ကားအချို့ကို ဖော်ပြရလျှင်-နုနုငယ်ငယ်၊ သမုဒယသံယောဇဉ်၊ စေတနာမှန်သောက်တရား၊ အတွေ့၊ ဩော်-မိန်းမ၊ အတွယ်အတာ၊ ရင်ဝယ်တသိမ့်သိမ့်၊ ချစ်သမီး၊ ဘယ်သူပြိုင်လို့လှပါတော့နိုင်၊ ဘယ်ပန်ချီရေးလို့မမီ၊ ရွှေခြည်ငွေခြည်တန်းပါလို့ အားနွဲ့သူပါရှင်၊ အငိုမျက်လုံး အပြုံးမျက်နှာ၊ "ငါးမန်းစွယ်နှင့် ကျွန်းသန္တာ"

ဘဘသည် (၆-၅-၁၉၈၂)ရက်နေ့တွင် တာမွေမြို့နယ် နေအိမ်၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ သဏ္ဌာန်လုပ် သရုပ်နှင့်တူအောင် ရုပ်ရှင်ထဲတွင် အများရွံ့မုန်းလောက်အောင် သရုပ်ဆောင်ခဲ့ရသော်လည်း မူရင်းအဖွတ္တအသွင်သဏ္ဌာန်မှာသိမ်မွေ့ပြီး ဘာသာတရားကိုင်းရှိုင်းသူတစ်ဦး၊ ဇာတ်ပို့ဟုဆိုသော်လည်း သူ့အနုပညာဂုဏ်ဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းတွင် နိုင်ငံကျော်ဒါရိုက်တာ မင်းသား၊ မင်းသမီးများကဲ့သို့ တိုင်းသိပြည်သိ ထင်ပေါ်ကျော်ကြားခဲ့သည်မှာ တစ်မူထူးခြား၍ နေပြန်သည်။ ကွယ်လွန်ခဲ့သည်မှာ နှစ်(၃၀)ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင် မမေ့နိုင် အမုန်းတွေကြားမှာ ကျင်လည်ရင်း လှပသော ဂုဏ်ထူးဝိသေသများ ပိုင်ဆိုင်ခဲ့သည့်အတွက် ဦးညွတ်ရင်း ကဗျာဖြင့် ရေးဖွဲ့ဂုဏ်ပြုရင်း ဤသို့---။

"အမုန်းများနှင့် လှတဲ့သူ"

- မှတ်မှတ်သားသား၊ ဇာတ်ကားကောင်းကောင်း
  တစ်ကားဖြစ်စေဖို့
- ဇာတ်ပို့သည် အရေးပါ၊ ဇာတ်ကွက်၊ ဇာတ်အထာ၊
  ဇာတ်နာဖို့အရေး
  အမုန်းခံပေးခဲ့ရ "ကျော်လုံး" ဘဝ၊ မုန်းကြမှ
  အသက်ဝင်၊ ဗီလိန်ကြီးအသွင်
- သဏ္ဌာန်လုပ်သရုပ်ပါ၊
  မမေ့စရာပ၊ "အတွေ့"မှစံတင်၊ အကယ်ဒမီရှင်ဘဝ၊
  "ရင်ဝယ်တသိမ့်သိမ့်"ဖြင့်ထပ်ခါရ၊ ထိုမျှဖြင့်မပြီး
  "ချစ်သမီး"နှင့် ရွှေခရီးသို့နှင်
- တစ်ခေတ်တွင် တစ်ယောက်၊
  ဆိုလောက်တဲ့သူ၊ ဇမ္ဗူမှာရှားမှရှား၊
  အစားထိုးမရ၊ နွားထိုးကြီးသား ဘဘ
  "အမုန်းများနှင့် လှတဲ့သူ"

# ဆေးပညာသတင်းဆန်းများ(၈၈)

**à ဒေါက်တာကံညွန့်**

ရံဖန်ရံခါ ဆေးပညာသတင်းဆန်းတွေ သတင်းစာမှာပါလာပြီးတိုင်း နောက်တစ်နေ့မှာ အမျိုးသမီးတစ်ယောက်ဆီက တယ်လီဖုန်းလာတတ်ပါတယ်။ တယ်လီဖုန်းနံပါတ် ဘယ်လိုရလဲတော့မသိပါဘူး။ သူ့အသံက အားငယ်နေတဲ့အသံပါ။ သူ့အသံကိုကြားရတာနဲ့ သူ့မှာဝေဒနာတစ်ခုခံစားနေရမှန်းသိသာပါတယ်။ ဟုတ်လည်းဟုတ်နေပါတယ်။ သူခံစားနေရတာက IBS (Irritative Bowel Syndrome)လို့ခေါ်တဲ့ အစာအိမ်လမ်းကြောင်းမှာ အနေရခက်တဲ့ ပြဿနာရောဂါပါ။ ကျွန်တော့် ဆောင်းပါးတွေမှာ ဒီရောဂါအကြောင်းရေးထားတာ တစ်ခါမှမတွေ့ရသေးတဲ့ သူ့ရောဂါအတွက် နောက်ဆုံးပေါ်ကုထုံးရှိရင် ထည့်ပေးဖို့ပြောပါတယ်။

ဒီရောဂါဟာ ဘာကြောင့်ဖြစ်မှန်းအတိအကျမသိရတဲ့အတွက် ကုသဖို့ပေးရတဲ့ဆေးတွေကလည်း အတိအကျမရှိခဲ့ပါဘူး။ အစာအိမ်လမ်းကြောင်း ဆရာဝန်ကြီးတွေလည်း ဒီရောဂါရှင်တွေကိုရောဂါလက္ခဏာပျောက်ဖို့ကြည့်ပြီး ပေးနေရတာပါ။ ဒီရောဂါဟာ အသက် (၄၀) ကျော်အရွယ်မှာ အဖြစ်များပြီး ယောကျ်ားတွေထက် မိန်းမတွေမှာ ပိုဖြစ်တတ်တဲ့ရောဂါပါ။ ရောဂါလက္ခဏာတွေထဲမှာတော့ အစာတစ်ခုခုစားလိုက်တိုင်း ဗိုက်ပြည့်ပြီး အန်ချင်သလိုလို၊ ဝမ်းသွားချင်သလိုလို၊ ဗိုက်အောင့်သလိုလို ဖြစ်တတ်ပါတယ်။ ဝမ်းသွားချင်တဲ့စိတ်နှင့် ဝမ်းသွားလိုက်ရင် အကျိအချွဲလေးတွေပဲ ထွက်လာတတ်ပါတယ်။ ဒီရောဂါဟာ ဝမ်းသွားတဲ့အခါလည်း သွားတတ်ပြီး ဝမ်းချုပ်ချင်လည်း ချုပ်နေတတ်ပါတယ်။

ဒီရောဂါကို ဆရာဝန်ကြီးတွေက Antacid ခေါ်တဲ့ Acid ဓာတ်ခြေဆေး၊ NSAID ခေါ်တဲ့ Non Steroid Antilnflammatory ဆေး၊ Steroid ဆေး၊ Antidepressent ဆေး၊ ဗိုက်အောင့်ပျောက်ဆေး၊ ဝမ်းသွားရင် ဝမ်းပိတ်ဆေး၊ ဝမ်းချုပ်ရင် ဝမ်းနုတ်ဆေးစတဲ့ ဆေးတွေနဲ့ ရောဂါလက္ခဏာသက်သာအောင် ကုသပေးနေရတာပါ။ ခုတော့ ဒီရောဂါရှင်တွေအတွက် ဆေးသစ်တစ်ခုပေါ်လာပါပြီ။ ဒီဆေးနာမည်ကတော့Linzess လို့ခေါ်ပြီး ဆေးဝါးအမည်ကတော့ Linaclotide ဖြစ်ပါတယ်။ ဒီဆေးကို145 mcg နဲ့ 290 mcg Capsuleနှစ်မျိုးအနေနဲ့ ထုတ်လုပ်ထားပြီး တစ်နေ့တစ်ကြိမ်သာသောက်ရတဲ့ ဆေးဖြစ်ပါတယ်။ ဒီဆေးကို အမေရိကန်နိုင်ငံForest Pharmacy Co.နှင့် Iron Wood ကုမ္ပဏီတို့က ပူးပေါင်းထုတ်လုပ်ပြီး FDA အဖွဲ့ကြီးက ထောက်ခံမှု ရယူပြီး ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

> **ဒီရောဂါဟာ အသက်(၄၀) ကျော်အရွယ်မှာအဖြစ်များပြီး ယောကျ်ားတွေထက် မိန်းမတွေမှာ ပိုဖြစ်တတ်တဲ့ရောဂါပါ။ ရောဂါလက္ခဏာတွေထဲမှာတော့ အစာတစ်ခုခု စားလိုက်တိုင်း . . .**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ကင်ဆာရောဂါကုထုံးတစ်ခုအကြောင်းပါ။ Pancareatic Cancer ဟာ ကုရခက်ပြီး ဖြစ်လာရင်အများအားဖြင့် အသက်ဆုံးရတဲ့ရောဂါပါ။ နာမည်ကြီး Apple ကုမ္ပဏီက အမှုဆောင် အရာရှိချုပ် STEVE JOB ဟာလည်း ဒီရောဂါနဲ့ သေဆုံးခဲ့ရတာပါ။ အခုတော့ ဒီရောဂါကုသနိုင်မယ့်ကုထုံးတစ်ခုကို ဆေးပညာရှင်တွေ စမ်းသပ်အောင်မြင်ခဲ့ပါပြီ။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ Woodinville အရပ်မှာနေတဲ့ အသက် (၆၇)နှစ်အရွယ် Steven ဆိုသူဟာ ကွန်ပျူတာပညာရှင်တစ်ဦးပါ။ သူဟာ လွန်ခဲ့တဲ့တစ်နှစ်ခန့်ကပဲ Pancreatic ကင်ဆာကို ကုသနေရသူတစ်ဦးပါ။ သူ့ကိုပေးနေတဲ့ Chemotherapy ကုထုံးနဲ့ သူ့ရောဂါသက်သာမလာကြောင်း ပြောတဲ့အခါသူ့ကိုကုနေတဲ့ဆရာဝန်က ကုထုံးသစ်တစ်ခုကို စမ်းသပ်ကုသဖို့သဘောတူသလားလို့ သူ့ကိုမေးပါတယ်။ သူလည်း သဘောတူလိုက်ပါတယ်။ ဒီကုထုံးကတော့ အခုပေးနေတဲ့ Chemotherapy ကုထုံးနဲ့အတူ ယခင် Pancreatic Cancer ဖြစ်ခဲ့ဖူးသူရဲ့သွေးထဲက သွေးရည်ကြည်ကိုယူပြီး ထိုးပေးဖို့ဖြစ်ပါတယ်။

ပထမအဆင့်အနေနဲ့ အဲဒီသွေးရည်ကြည်ကို ထိုးပေးပြီး သူ့ကိုယ်ခန္ဓာထဲက ကိုယ်ခံအားတွေကို ကင်ဆာ Cells တွေမှတ်မိအောင် ထိုးပေးလိုက်ပါတယ်။ ဒါပြီး မကြာမီမှာပဲ ဒုတိယအဆင့်အနေနဲ့ မျိုးရိုးဗီဇပညာရှင်တွေက (Genetical Engineer Techanic) မျိုးရိုးဗီဇအင်ဂျင်နီယာနဲ့ ဖန်တီးယူထားတဲ့ Bacteria ပိုးတစ်မျိုးဖြစ်တဲ့ Listeria Monocytoges ကို ထိုးပေးလိုက်ပါတယ်။ ဒီပိုးဟာ သူရဲ့ကိုယ်ခံအားထုတ်လုပ်မှုကို မြင့်မားစေပြီး သူ့ကိုယ်ခန္ဓာထဲက ကင်ဆာ Cellsကို တိုက်ခိုက်ပါတော့တယ်။ ဒီနည်းနဲ့ပဲ သူဟာ ကျန်းမာရေးပိုကောင်းလာပြီး ယခုအခါ လူကောင်းတစ်ယောက်လိုဖြစ်နေပြီဖြစ်ပါတယ်။ ကင်ဆာရောဂါကုသရာမှာ ထိရောက်လာတဲ့ ကုထုံးတွေပေါ်လာနိုင်ကြောင်း သတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ အမှတ် (၂) ဆီးချိုရောဂါဖြစ်နိုင်ခြေရှိသူတွေဟာ သာမန်လူတွေထက် ကင်ဆာရောဂါဖြစ်ဖို့ ပိုများတယ်ဆိုတဲ့ လေ့လာချက်တစ်ခုအကြောင်းပါ။ ဒီအကြောင်းကိုတော့ ဥရောပနိုင်ငံများ စုပေါင်းဖွဲ့စည်းထားတဲ့ ဆီးချိုရောဂါလေ့လာရေးအဖွဲ့ကြီးက ထုတ်ဝေတဲ့Diabetolgia ဂျာနယ်မှာ ဖော်ပြထားတာပါ။ ဒီလေ့လာချက်မှာ ဥရောပနိုင်ငံတွေဟာ လူနာပေါင်း ၈၉၁၄၂၆ ပါဝင်တယ်လို့ဆိုပါတယ်။ ဒီလူတွေထဲမှာ ဆီးချိုဖြစ်နိုင်မယ့်အခြေအနေရှိသူတွေမှာဖြစ်တဲ့ Impair Glucose Tolerance(IGT) သကြားဓာတ်ကို ခံနိုင်ရည်မရှိခြင်းနှင့် Impaired Fasting Glucose(IFT) အစာမစားဘဲ သကြားဓာတ်များနေတဲ့လူတွေ ပါဝင်ပါတယ်။ ဒီအခြေအနေရှိသူတွေကို ဆေးပညာအခေါ်အရ Prediabetes လို့ခေါ်ပါတယ်။ သူတို့လေ့လာချက်မှာ ဒီလူတွေဟာ သာမန်လူတွေထက် ကင်ဆာရောဂါဖြစ်နိုင်ခြေ ၁၅ ရာခိုင်နှုန်းပိုများနေတာတွေ့ရတယ်လို့ ဆိုပါတယ်။ နောက်တစ်ခု ထူးဆန်းတာတွေ့ရတာကတော့ဒီလူတွေထဲမှာ ဆီးချိုဖြစ်သွားသူတွေမှာတော့ အများအားဖြင့် ကင်ဆာဖြစ်နိုင်ခြေနည်းသွားတာကို တွေ့ရတယ်။ ဒါဟာဆီးချိုဖြစ်စမှာ ဆရာဝန်တွေဟာ အများအားဖြင့် ဆီးချို ဝေဒနာရှင်တွေကို Metformin ဆိုတဲ့ ဆေးကို စပေးကြလို့ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ သူတို့လေ့လာချက်အရ ဒီဆေးဟာ ကင်ဆာရောဂါကာကွယ်နိုင်တဲ့ အာနိသင်ရှိပြီး ဒီဆေးသုံးစွဲသူတွေမှာ ကင်ဆာရောဂါဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းလျှော့ချနိုင်တာတွေ့ရတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ကြွက်တက်တယ်လို့အများသိနေကြတဲ့ Muscle Cramps ဖြစ်တာကို အများအားဖြင့် အားကစားသမားတွေနဲ့ အသက် (၅၀) ကျော်အရွယ်တွေခံစားရတဲ့ (ရောဂါမဟုတ်တဲ့) ပြဿနာတစ်ခုပါ။ ဒီကြွက်တက်ရခြင်းအကြောင်းနဲ့ ကြွက်တတ်တာကို ကာကွယ်နိုင်အောင် အကြံပြုထားတဲ့အကြောင်းတင်ပြချင်ပါတယ်။ ကြွက်တက်ခြင်းဖြစ်ရတဲ့ အကြောင်းတွေကတော့ အားကစားသမားတွေမှာ ကြွက်သားတွေကိုလှုပ်ရှားမှုများများပြုလုပ်ခြင်း၊ အထူးသဖြင့်ရာသီဥတု ပူပြင်းချိန်မှာ Dehydration ခေါ်တဲ့ ရေဓာတ်နှင့် Electrolyted (ဓာတ်ဆား)လျော့နည်းလို့ဖြစ်ရခြင်း၊ အသက်ကြီးလာတဲ့ လူတွေမှာ ကြွက်သားအင်အားလျော့နည်းလာခြင်း၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနဲ့ လည်ပင်းအကျိတ် (Thyroid) ရောဂါရှိသူတွေမှာ ပိုဖြစ်ခြင်း၊ သွေးထဲမှာ အဆီဓာတ်များပြီးသွေးကြောကျဉ်းနေသူတွေမှာ ပိုဖြစ်ခြင်း၊ ကျောရိုးချွတ်ယွင်းမှုကြောင့် အာရုံကြောပိနေသူတွေမှာဖြစ်ခြင်း၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်နှင့် Magnesium ဓာတ်ချို့တဲ့သူတွေမှာ ဖြစ်တတ်ကြပါတယ်။

ကြွက်တက်တာဟာ အများအားဖြင့် ခြေသလုံးကြွက်သားမှာအဖြစ်များတတ်ပါတယ်။ ဒါကြောင့်အိပ်နေစဉ် ကြွက်တက်စဉ်ခုတင်ပေါ်မှာထိုင်ပြီး ခြေထောက်ကို ချထားခြင်း၊ ဖြစ်နိုင်ရင် ရပ်နေခြင်းဟာ ပျောက်ကင်းနိုင်ပြီး လှုပ်ရှားပြေးလွှားနေစဉ်ဖြစ်လျှင် ရပ်ပြီးနှိပ်နယ်ခြင်း၊ ရာသီဥတုပြင်းချိန်တွင် ရေခဲအုပ်ပေးခြင်း၊ရာသီဥတု အေးလွန်းလျှင် ရေနွေးအုပ်ခြင်းတို့ ပြုလုပ်ပေးသင့်ပါတယ်။ အားကစားလှုပ်ရှားမှုပြုလုပ်နေသူအတွက် Sodium, Potassium Calcium နှင့် Magnesium ဓာတ်ပါတဲ့ဓာတ်ဆားရေကို သောက်သုံးသင့်ပါတယ်။ သက်ကြီးရွယ်အိုဖြစ်ပြီး ခဏခဏ ကြွက်တက်တတ်သူတွေကတော့ ရေများများသောက်ခြင်း၊ ဖော်ပြပါ ဓာတ်ပစ္စည်းတွေများများပါတဲ့ ငှက်ပျောသီး၊ လိမ္မော်သီး၊ ပန်းသီး၊ စပျစ်သီးစတဲ့သီးနှံတွေ များများစားသုံးခြင်းဖြင့်ကာကွယ်နိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

> **ဆီးချိုရောဂါဖြစ်နိုင်ခြေရှိသူတွေဟာ သာမန်လူတွေထက် ကင်ဆာရောဂါဖြစ်ဖို့ ပိုများတယ်ဆိုတဲ့လေ့လာချက်တစ်ခု . . .**

ယခင်ဆေးပညာသတင်းတစ်ခုအဖြစ် အမေရိကန်နိုင်ငံက နာမည်ကြီးကင်ဆာကုသရေးနှင့် သုတေသနဌာနကြီး ၁၀ ခုကလုပ်နေတဲ့သုတေသနတွေ့ရှိချက်တွေ တင်ပြခဲ့ပြီးပါပြီ။ ယခုအပတ်မှာ အာရှတိုက်က နာမည်ကြီး ဒီလိုဌာနကြီးတွေရဲ့ တွေ့ရှိချက်ကို တင်ပြချင်ပါတယ်။

(၁) ပထမဦးဆုံး တရုတ်နိုင်ငံက ကင်ဆာရောဂါအထူးကုဆေးရုံကြီး နှစ်ခုဖြစ်တဲ့ Guangzhou u Fuda Cancer Hospital နှင့် Modern Cancer Hospital တို့က လေ့လာနေတဲ့အကြောင်း တင်ပြပါရစေ။ ဒီ Centre နှစ်ခုနဲ့ ပူးတွဲပြီး သုတေသနပြုနေတဲ့ Beijing က University of Chinese Academy of Sciecnes (UCAS) က ဆေးပညာရှင်တွေဟာ ယိုးဒယားနဲ့ မလေးရှားတွေက ထွက်ရှိတဲ့ သရက်သီးမျိုးတစ်ခုဖြစ်တဲ့ Mangosteen ဆိုတဲ့ အသီးတစ်ခုမှာ ရင်သားကင်ဆာ ကလာပ်စည်းတွေကို သေစေနိုင်တဲ့ ဓာတ်တစ်မျိုးတွေ့ရှိခဲ့ပြီး ဒီဓာတ်ကို ရင်သားကင်ဆာဆေးအဖြစ် အသုံးပြုနိုင်အောင် ထုတ်လုပ်နိုင်မယ်ဆိုတဲ့ သတင်းပါ။


(၂) နောက်ဖော်ပြလိုတဲ့ သတင်းကတော့ Hong Kong မှာရှိတဲ့ Hong Kong Adventist Hospital HK Sanatorium Hospital နှင့် HK Baptist ဆေးရုံတွေမှာရှိတဲ့ ကင်ဆာရောဂါကုသရေးပညာရှင်တွေကတော့ အမေရိကန်နိုင်ငံက ထုတ်လုပ်တဲ့ Super Computer အကူအညီနဲ့ Next Generation Gene Sequencing (NGS) Technology နဲ့ Cancer ရောဂါဖြစ်နိုင်ခြေရှိသူတွေကို Gene စမ်းသပ်ပေးမှုတွေကို ပြုလုပ်နိုင်ပြီဆိုတာ သိရပါတယ်။


(၃) အိန္ဒိယနိုင်ငံက ကင်ဆာကုသရေး ထိပ်တန်းဆေးရုံကြီးနှစ်ခုတွေ Mumbai မြို့က Tata Memorial Hospital, Chennai မြို့က Apollo Cancer Hospital နှင့် Bangolore မြို့က Kidwai Memorial Institute of Oncology ဆေးရုံကြီးတွေက ဆေးပညာရှင်တွေကတော့ ရင်သားကင်ဆာကို ဓာတ်ရောင်ခြည်ဆေးကုသမှု (Radiotherapy) ကို အကြိမ်ကြိမ်ပေးစရာမလိုတော့ဘဲ တစ်ကြိမ်တည်းသာပေးနိုင်တဲ့ Target Radiotherapy နည်းကို တီထွင်နိုင်ပြီလို့ ဆိုပါတယ်။ ဒီနည်းကို အင်္ဂလန်နိုင်ငံမှာလည်း မကြာမီ စတင်အသုံးပြုတော့မယ်လို့ သိရပါတယ်။

(၄) စင်ကာပူနိုင်ငံက ထိပ်တန်းကင်ဆာဌာနတွေဖြစ်တဲ့ Parkway Cancer, National Cancer Centre နှင့် Raffles Cancer Centre က ပညာရှင်တွေဟာ ASTAR Instute of Medical Biology (IMB) နှင့် Bioinformative Institute (BII) ရဲ့ အကူအညီနှင့် အမျိုးသမီးတွေရဲ့ Ovarian Cancer (မျိုးဥကင်ဆာ) ဖြစ်လာနိုင်ခြေရှိတဲ့ Key Ovarian Stem Cells ကို စမ်းသပ်တွေ့ရှိနိုင်ပြီလို့ ဆိုပါတယ်။ ဒီလို စစ်ဆေးနိုင် ခြင်းဖြင့် Ovarian Cancer ဖြစ်နိုင်ခြေရှိသူတွေ ကြိုသိနိုင်မှာဖြစ်ပါတယ်။

(၅) တောင်ကိုရီးယားနိုင်ငံက ထိပ်တန်းကင်ဆာကုဆေးရုံတွေဖြစ်တဲ့ Suwon က AJOU University Hospital, Seoul မြို့က Samsung Medical Centre, Suwon က Cheongshim Interntaional Medical Centre တွေကတော့ Hwaseong က Meere Company နဲ့ပူးတွဲပြီး ဗိုက်ထဲက ကင်ဆာရောဂါကုသမှုမှာ အသုံးပြုဖို့သေးငယ်တဲ့ NOTES လို့ အမည်ပေးထားတဲ့ စက်ရုပ်တစ်ခုကို တီထွင်နိုင်ပြီလို့ ဆိုပါတယ်။ ဒီစက်ရုပ်ဟာ ကင်ဆာ Cells ရှိတဲ့ နေရာအားလုံးကို စင်အောင် ခွဲထုတ်ကုသယူနိုင်ပြီး အရေပြားပေါ်မှာ လည်း အနာရွတ်မကျန်အောင် ကုသမှုပေးနိုင်တယ်ဆိုတာ တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။






ပြည်တွင်းရေးရာ

# မြင်းခြံဒေသ၌ မြန်မာဆေး ရွက်ကြီး စိုက်ပျိုးသူများ အဆင်ပြေ

**မြင်းခြံ မတ် ၉**

အညာဒေသ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြသော တောင်သူလယ်သမားများသည် စပါး၊ ကြက်သွန်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကို စိုက်ပျိုးကြသည့်အပြင် ဆေးပေါ့လိပ်လုပ်ငန်းတွင် အဓိက အသုံးပြုသော မြန်မာဆေးရွက်ကြီးကိုလည်းစိုက်ပျိုးလုပ်ကိုင်ကြသည်။

မြင်းခြံမြို့နယ်တွင် မြန်မာဆေးရွက်ကြီးအား မိုးရေကိုသာအားပြု၍ ရေမဝင်သောအရပ်တွင် စိုက်ပျိုးသည့် ကုန်းဆေးနှင့် ရေဝင်ရာအရပ် မြေနုကျွန်းများတွင် စိုက်ပျိုးသော မြန်မာဆေးရွက်ကြီးကို ကျွန်းဆေးဟူ၍ အမျိုးအစားနှစ်မျိုး ခွဲခြား စိုက်ပျိုးရောင်းဝယ်ကြသည်။

ကုန်းဆေးကို စိုက်ပျိုးရာတွင် မိုးရာသီအမီ ထွန်ယက်စိုက်ပျိုးကြပြီး ကျွန်းဆေးကို ဧရာဝတီမြစ်ရေကျချိန်တွင် စိုက်ခင်းများအတွင်းထွန်ယက်ကြပြီး တန်ဆောင်မုန်းလနှင့် နတ်တော်လများတွင် စိုက်ပျိုးကြသည်။

ကုန်းဆေးသည် မိုးရေကိုသာ အားကိုးစိုက်ပျိုးသောကြောင့် ဆေးရွက်ကြီး၏အရွက်သည် ထူပြီး အရွက်အရွယ်အစားမှာ သေးငယ်ကာ ကျွန်းဆေးသည် ရေဝင်ရာအရပ် မြေနုကျွန်းတွင် စိုက်ပျိုးသောကြောင့် ဆေးရွက်၏အရွယ်အစားမှာ ဗန်းငယ်တစ်ချပ်စာခန့်ရှိသည် ။

ပတ္တာ ကျေးရွာမှ ဆေးရွက်ကြီးစိုက်တောင်သူတစ်ဦးဖြစ်သော ဦးရှုမောင်က ကျွန်းဆေးစိုက်ခင်းတစ်ဧကအတွက်ကုန်ကျငွေမှာ ကျပ်ငါးသိန်းခန့်နှင့် ရရှိမည့်ငွေတို့မှာ ကုန်ကျစရိတ်များနုတ်ပြီးပါက ကျပ်ခုနစ်သိန်းခန့် ပြန်လည် ရရှိကြောင်းပြောပြသည်။

" ကျွန်တော်တို့ ဆေးရွက်ကြီးစိုက် တောင်သူတွေအနေနဲ့ တစ်ဧကကို ဆေးပင်မျိုးဖိုး၊ မြေဆီဖိုး၊ ထွန်ယက်ခ၊ ပိုးသတ်ဆေးဖိုး၊ လုပ်အားခ၊ ရေတင်ခ၊ ဆေးထည့်သည့် ပုတ်ဖိုးပေါင်းရင် ကျပ်ငါးသိန်းခန့်ကုန်ကျပါတယ်။ မြေငှားလုပ်ကိုင်ပါက မြေတစ်ဧကကို ကျပ်နှစ်သိန်း ပေးရပါတယ်။ အားလုံး တစ်ဧကကို ကျပ်ခုနစ်သိန်းလောက်ရရှိပါတယ်"ဟု ၎င်းက ရရှိငွေကို တွက်ပြသည်။

တစ်ဧကတွင်ထွက်ရှိသော ဆေးရွက်ကြီးပိဿာချိန် ၅၀၀ ပိဿာနှင့် ၈၀၀ ပိဿာအကြားထွက်ရှိပြီး



ဆေးရွက်ကြီးဈေးနှုန်းကတော့ ထိပ်စအတွက် တစ်ပိဿာလျှင် ၂၂၀၀ ကျပ်မှ အောက်စ တစ်ပိဿာလျှင် ၁၅၀၀ ကျပ်အထိ ရှိကာ ထွက်ရှိလာသော ဆေးရွက်ကြီးများကို မြင်းခြံမြို့ပေါ်တွင် ရှိသော ဆေးလိပ်ခုံလုပ်ငန်းများမှ အဓိကဝယ်ယူသောကြောင့် ရောင်းချရာတွင် လွယ်ကူကြောင်း၎င်းကဆက်လက်ပြောသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## မြို့နယ်အဆင့် အကြံပြုအလုပ်ရုံဆွေးနွေး

**ဖဲ မတ် ၉**

မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူကြမ်းပြုစုနိုင်ရေးအတွက် မြို့နယ်အဆင့် အကြံပြုဆွေးနွေးပွဲကို မတ် ၆ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူကြမ်းများအား တက်ရောက်လာသူများမှ အဖွဲ့လေးဖွဲ့ ခွဲ၍အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံကော်မတီဝင်များ၊ ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီဝင်များနှင့်စည်ပင်ကော်မတီဝင်များ၊ ရပ်ကွက် ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၁၀၅ ဦး တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် စွန့်ပစ်အမှိုက်များအား စုပေါင်းရှင်းလင်း



**မော်လိုက် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူတို့ပူးပေါင်း၍ မြို့ဆိပ်ကမ်းသာယာလှပရေး စွန့်ပစ်အမှိုက်များ ရှင်းလင်းရေးနှင့် မြို့မဈေးအတွင်း စွန့်ပစ်အမှိုက်များ ရှင်းလင်းရေးကို မတ် ၇ ရက် နံနက်ပိုင်းက မော်လိုက်မြို့ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိ စွန့်ပစ်အမှိုက်များနှင့် မြို့မဈေးအတွင်းရှိ စွန့်ပစ်အမှိုက်များအား ကောက်ယူရှင်းလင်းခဲ့ကြသည်။

မော်လိုက်မြို့၏ ဂုဏ်ယူဖွယ်ရာတစ်ခုဖြစ်သည့် မြို့ဆိပ်ကမ်းသည် စည်းကမ်းမဲ့သူများ၏ စွန့်ပစ်အမှိုက်များကြောင့် မြို့ဆိပ်ကမ်းအလှ ပျက်စီးခဲ့ရပြီး ထိုသို့ ဂုဏ်ယူဖွယ်ရာ မြို့ဆိပ်ကမ်းအလှထပ်ပြီး မပျက်စီးစေရန် ရည်ရွယ်၍ အမှိုက်များကောက်ယူရှင်းလင်းခဲ့ကြောင်း ယင်းအဖွဲ့တွင် ပါဝင်သူတစ်ဦးက ပြောသည်။

အဆိုပါ မြို့ဆိပ်ကမ်းသာယာလှပရေး စွန့်ပစ်အမှိုက်များအား ကောက်ယူရှင်းလင်းရာ၌ မြို့ဆိပ်ကမ်းတစ်လျှောက်ရှိစွန့်ပစ်အမှိုက်များနှင့် မြို့မဈေးကြီးအတွင်းရှိ စွန့်ပစ်အမှိုက်များကို ကောက်ယူရှင်းလင်း၍ မော်လိုက်မြို့၏ မြို့ပြင်တစ်နေရာသို့ သွားရောက်စွန့်ပစ်ခဲ့ပြီး ကမ်းနားလမ်းဘေး တစ်လျှောက်ရှိ အပင်များတွင် အမှိုက်မပစ်ရဟူသည့် ဆိုင်းဘုတ်များထားရှိခြင်း၊ လမ်းဘေးဝဲယာများတွင်လည်း အမှိုက်ပုံးများကိုထားရှိပေးစေပြီး စည်းကမ်းမဲ့ အမှိုက်ပစ်သူများကိုလည်း တွေ့ရှိပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ **ကျော်ပွား(မော်လိုက်)**

## တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး) နဝမအကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

**မန္တလေး မတ် ၉**

နဝမအကြိမ်မြောက် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးဘွဲ့နှင်းသဘင်ခန်းမ၌ မတ် ၈ ရက် နံနက်ပိုင်းက ကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းမောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က တိုင်းရင်းဆေးတက္ကသိုလ်၏ အမှတ်တံဆိပ်ပေါ်တွင် ရေးထားသည့် "ဒိဋ္ဌကမ္မော၊ သုစိဒက္ခော၊ ဝိဝိဓာကမော" ဆိုသည့်အတိုင်း မျက်မြင်လက်တွေ့တည်းဟူသော ကုထုံးဥပဒေသရှိခြင်း၊ ထက်သန်သော ဉာဏ်နှင့် စင်ကြယ်သော အကျင့်သီလရှိခြင်း၊ ဂမ္ဘီရဉာဏ်၊ တက္ကဉာဏ်ထက်သန်သော အကြံ အစည်တို့၌ လိမ္မာခြင်း၊ ဆေးကျမ်းများကို မြားမြောင်စွာ တတ်သိနားလည်ခြင်း စသည့် အချက်များကို စွဲမြဲစွာ မှတ်သားပြီး အစဉ်ထာဝရ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးသမားတော်များဖြစ်ရန် မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို ပြည့်ပြည့်စုံစုံလေ့လာသင်ယူရုံသာမက နိုင်ငံတကာဆေးပညာရပ်များ၊ အိမ်နီးချင်းနိုင်ငံများရဲ့ တိုင်းရင်းဆေးပညာရပ်များကိုလည်း မျက်ခြည်မပြတ်လေ့လာရန်လိုကြောင်း ပြောကြား သည်။

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)အနေဖြင့် ယနေ့ကျင်းပသည့် နဝမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ ခြောက်ဦး၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပုံမှန်)သင်တန်းမှ ၆၁ ဦးနှင့် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) သင်တန်းမှ ၂၀ တို့ကို ဘွဲ့အပ်နှင်းပေးခဲ့ပြီး ယခုအကြိမ်အထိ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ရရှိသူ ၁၆ ဦး၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ရရှိသူ ၁၂၂၀ ဦးတို့ကို မွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ကိုမင်း)**




## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**မိုးကောင်း မတ် ၉**

မိုးပွင့်(အထူး)စီမံချက်အရ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်း ဦးဆောင်သောဝန်ထမ်းများသည် မတ် ၇ ရက်က မရမ်းကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာနေ နိုင်ငံသားအရည်အချင်းပြည့်မီသည့် အသက် (၁၀) နှစ်ပြည့်ပြီးသူ ၂၈ ဦး၊ အသက်(၁၈)နှစ်ပြည့်ပြီးသူ ၅၇ ဦးနှင့် ပျောက်ပျက်/လဲလှယ် ၄၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၄၉၉)**

## ဝါးခယ်မတွင် ဆိုလာစနစ်ဖြင့် မီးရရှိ

**ဝါးခယ်မ မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ပျဉ်းမကွင်းကျေးရွာအုပ်စု ခနောင်ကျေးရွာ၌ မတ် ၇ ရက် နံနက် ၈ နာရီက ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ ကျေးရွာလုံးကျွတ်မီးလင်းရေး အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၄၄ဒသမ ၃၅၉ သန်း အကုန်အကျခံကာ ကျေးရွာရှိအိမ်ခြေ ၂၄၉ လုံးအား ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ်မီးလင်းရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။ **လွှမ်းသီဟ**

## အားကစားပြိုင်ပွဲဆုရရှိသူများအားဆုငွေချီးမြှင့်

**ပုလဲ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမတွင် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်ပွဲအခမ်းအနားကို မတ် ၅ရက် နံနက် ၁၁ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

" ပုလဲမြို့နယ်မှာ ပထမဆုံးကျင်းပတဲ့ တောင်သူလယ်သမားနေ့ အထိမ်းအမှတ် တောင်သူလယ်သမားပွဲမှာ ပါဝင်တဲ့ ဘောလုံးပြိုင်ပွဲနဲ့ ပိုက်ကျော်ခြင်းပြိုင်ပွဲများမှာ ဆုရရှိတဲ့ အသင်းများကို ဂုဏ်ပြုဆုငွေများ ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးပါတယ်။ နောက်နှစ်တွေမှာလည်း တောင်သူလယ်သမားအတွက် လယ်ယာလုပ်ငန်းခွင်နားချိန်မှာ နွားဒုန်းပြိုင်ပွဲ၊ မြင်းဒုန်းပြိုင်ပွဲ၊ အားကစားပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်အောင်ကြိုးစားသွားမယ်"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေက ယင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးတင်ဆွေနှင့် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်တို့က ပွဲတော်ကျင်းပရေးကော်မတီသို့ လှူဒါန်းသည့်ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဘောလုံးပြိုင်ပွဲတွင် ဆုရအသင်းများအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ခဲ့သည်။ ဆက်လက်၍ တောင်သူလယ်သမားပွဲတော်ကျင်းပရေးကော်မတီတာဝန်ရှိသူများက ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးခဲ့ပြီးစုစုပေါင်း ငွေကျပ် ၈၂၀၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဓနုဖြူ)**

# ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပ စံကျောင်းသို့ ဆင်စီး၍ဘုရားဖူးသွားရောက်သူများပြား

**မုံရွာ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပသို့ နှစ်စဉ် ဘုရားဖူးရာသီတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများနှင့် ဒေသန္တရဗဟုသုတလေ့လာရှာမှီးသူများစွာ နေ့စဉ်လာရောက်လျက်ရှိရာ အလောင်းတော်ကဿပသို့ လာရောက်သည့် ဘုရားဖူးများအနေဖြင့် ကားရပ်နားရာ သပိတ်ဆေးစခန်းမှ အလောင်းတော်ကဿပစံကျောင်းအရောက် တစ်မိုင်ခန့်ခရီးကို ခြေလျင်ခရီးဖြင့်လည်းကောင်း၊ ဆင်များကို စီးနင်း၍လည်းကောင်း သွားရောက်ဖူးမြော်နိုင်ရာ မြို့ပြနေဘုရားဖူးများအနေဖြင့် ဆင်စီးသည့်အတွေ့အကြုံသစ်ရယူလိုသူများနှင့် တောင်တက်ဆင်း လမ်းမလျှောက်နိုင်သူ သက်ကြီးရွယ်အိုများသည် ဆင်ကိုအများဆုံး အသုံးပြုစီးနင်းကာ သွားရောက်သူများပြားလျက်ရှိကြောင်း သိရသည်။

ဆင်များစီးနင်းမှုများပြားခြင်းနှင့်ပတ်သက်ပြီး "ဒီနှစ်က အရင်နှစ်ထက်စာရင် ဘုရားဖူးလာတဲ့သူတွေနည်းတယ်။ လာတဲ့သူတွေကလည်း သပိတ်ဆေးစခန်းကနေပြီး စံကျောင်းအထိကို ဆင်စီးပြီး သွားတဲ့သူတွေ များတယ်။ ဒီနှစ်မှာ ဆင်ကလည်း အကောင် ၄၀ ကျော်လောက်ပဲ သုံးနိုင်တယ်။ စီးတဲ့သူများပြီး ဆင်ကောင်ရေနည်းတာလည်းပါမယ်ထင်တယ်။ ဆင်တွေက နံနက်ပိုင်းကို ၆ နာရီကနေ ၁၁ နာရီထိတစ်ကြိမ်၊ ညနေ ၃ နာရီကနေ ၆ နာရီထိတစ်ကြိမ်၊ တစ်ရက်ကိုနှစ်ကြိမ် အသွားအပြန် သယ်ပေးရတယ်။ နေ့လယ်ပိုင်းတွေကိုတော့ သူတို့ကို အနားပေးရတယ်။ ဆင်တွေက နှစ်ယောက်စီးဆင်နဲ့ လေးယောက်စီးဆင်ဆိုပြီး နှစ်မျိုးရှိတယ်။ လူတစ်ယောက်ကို သစ်လုံးအိမ်စခန်းကနေ စံကျောင်းအရောက်ဆို တစ်ကြောင်းကို ၂၀၀၀ ကျပ်ကျတယ်။ ဘုရားဖူးလာတဲ့ ပြည်သူတွေကို အတွေ့အကြုံသစ်တွေရစေတယ်။ ဆင်စီးချင်တဲ့သူတိုင်းကို ဆင်ကောင်ရေ နည်းတဲ့အတွက်



အချိန်မီမပို့ပေးနိုင်တာပဲ စိတ်မကောင်းဖြစ်မိပါတယ်။ ညနေပိုင်း အလုပ်သိမ်းချိန်ရောက်တာနဲ့ဆင်တွေကို ခလောက်ဆွဲပြီးတောထဲကို လွှတ်ပေးရတယ်။ မနက် ၃ နာရီလောက်ထပြီး ညကလွှတ်ပေးတဲ့ ဆင်တွေကို တောထဲမှာ ခလောက်သံနားထောင်ပြီး လိုက်ကောက်ရတယ်။ မနက် ၆ နာရီရောက်တာနဲ့ လုပ်ငန်းခွင်ပြန်ဝင်ပေါ့" ဟု ဘုရားဖူးများကို သယ်ယူပို့ဆောင်ပေးနေသူ ဆင်ဦးစီးတစ်ဦးက ပြောသည်။

ဆင်များကို မစီးလိုသည့် ခရီးသွားများအနေဖြင့်လည်း အထမ်းသမားများဖြင့် စံကျောင်းအရောက် သွားရောက်နိုင်ရန်အတွက် လူတစ်နိုင်ပစ္စည်း စံကျောင်းအရောက် သယ်ယူပါက ငွေကျပ် ၃၀၀၀၊ လူတစ်ဦး လိုက်ပါက ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် လူသုံးဦးက စောင်ပုခက်များဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ဖိုချမ်း(မုံရွာ)**

# ပြည်သူများအသိပညာတိုးပွားစေရေး ခမောက်ကြီးတွင် Public Digital Library Service စက်များ တပ်ဆင်

**ခမောက်ကြီး မတ် ၉**

အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများ၊ စာပေချစ်မြတ်နိုးသူများ နည်းပညာဖွံ့ဖြိုးလာမှုများနှင့်အညီ အသုံးပြုနိုင်ရေး၊ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် အမှား-အမှန်ကို ဝေဖန်ဆုံးဖြတ်နိုင်စေရန် စာပေသည် လူတိုင်းအတွက် အရေးကြီးရာ အသိပညာတိုးပွားစေမည့် စာအုပ်၊ စာစောင်ပေါင်း ၆၀၀၀ ကျော်ခန့်အား (Public Digital LibraryService)အဖြစ်သို့ နည်းပညာ၏ ပြယုဂ်တစ်ခုအဖြစ် အသွင်ပြောင်းသိုမှီးထားသည့် (Public Digital Library Service) စက်များကို ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မတ် ၃ ရက် မွန်းလွဲပိုင်းက ခမောက်ကြီးမြို့ လူစည်ကားရာ အဝေးပြေးကားဂိတ်တွင် တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ (Public Digital Library Service) စက်သည် ပြည်သူများ၏ Tablet,Mobile Phone,Note Book များဖြင့် အင်တာနက်လိုင်းရှိရန်မလိုအပ်ဘဲ Public Digital Library Service ရှိရာ သတ်မှတ်အတိုင်းအတာဧရိယာအတွင်း Wifi စနစ်ဖြင့် ချိတ်ဆက်ကာ Public Digital Library Service တွင် ပါဝင်သော သုတ၊ ရသနှင့် နည်းပညာဆိုင်ရာစာအုပ်များကို Download Access နှင့် Read Only Access နှစ်မျိုးဖြင့် သတ်မှတ်ထားသည်။

Download Access ပေးထားသော စာအုပ်များကို အသုံးပြုနေသူသည် Download ပြုလုပ်ပြီး ဖတ်ရှုနိုင်သော်လည်း Read Only Access ပေးထားသော စာအုပ်များကိုမူ ဆက်သွယ်မှုရရှိနေသောနေရာများမှသာ တိုက်ရိုက်ဖတ်ရှုရမည်ဖြစ်ပြီး ဖတ်ရှုရရှိနိုင်သော အကွာအဝေးမှာ အတားအဆီးမရှိပါက မီတာ ၆၅၀ အတွင်း Wifi Signal ရရှိသောနေရာများတွင် ဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါစက်များ အသုံးပြုနည်းကို ဗီနိုင်းများဖြင့် ရှင်းလင်းချိတ်ဆွဲပြသထားပြီး ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ပြည်သူများသို့ လက်တွေ့ချိတ်ဆက်အသုံးပြုနည်းစနစ်များအားရှင်းလင်းပြသပေးခဲ့ကြပြီး သုံးစွဲသူများအနေဖြင့် အသုံးပြုရာတွင် အဆင်မပြေမှုများရှိပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ တယ်လီဖုန်းများဖြင့်ဖြစ်စေ လာရောက်ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

# ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း (၂၂) ကြိမ်မြောက် သံဃာ့ဒါနဆွမ်းခြောက်လောင်းလှူ

**ထားဝယ် မတ် ၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း (၂၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် မြို့နယ်လုံးကျွတ် သံဃာ့ဒါနဆွမ်းခြောက်လောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်၊ ဘုရားကြီးတောင်ဘက်စောင်းတန်းတော် အသစ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယင်းဘုရားကြီးဝင်းအတွင်း၌ မတ် ၄ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့က နံနက် ၇ နာရီတွင် လောကမာရဇိန်ဘုရားကြီး တောင်ဘက်စောင်းတန်းတော်အသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နံနက် ၈ နာရီတွင် မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းခြောက်လောင်းလှူပွဲကိုဆက်လက်ကျင်းပရာ လောကမာရဇိန်ကိုယ်စားတော် ရုပ်ပွားတော်တစ်ဆူနှင့် သံဃာ ၁၀၈ ပါး၊ သီလရှင်အပါး ၃၀ အား ဆွမ်းခြောက်အလှူခံကြကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီးဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဘုရားကြီးဂေါပကအထောက်အကူပြုအဖွဲ့ အပါအဝင် စုစုပေါင်း အလှူရှင် ၁၃၉ ဖွဲ့မှ လှူဒါန်းခဲ့ကြသည်။

ယင်းနေ့ ညနေ ၃ နာရီတွင် မြို့နယ်လုံးကျွတ် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပပြီး မတ် ၃ ရက်မှ ၅ ရက် အထိ ဓမ္မပူဇာတရားပွဲများကို နေ့စဉ်ည ၇ နာရီတွင် ကျင်းပခဲ့သည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

# ယခုနှစ်နွေရာသီတွင် ဧရာဝတီမြစ်မှ ရေပေးဝေမှု အခက်အခဲကြုံနိုင်

**စစ်ကိုင်း မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ကြီးမှာ တစ်နှစ်ထက်တစ်နှစ် သောင်ဖြစ်ထွန်းမှုပိုမိုလာကာ မြစ်ရေနည်းပါးပြီး မြစ်ကြောင်းကျဉ်းမြောင်းလာမှုကြောင့် ရေပေးဝေမှုအခက်အခဲများကြုံလာနိုင်ကြောင်း ရေပေးဝေမှုအသင်းများထံမှ စုံစမ်းသိရှိရသည်။

နွေရာသီသို့ ရောက်ရှိလာပြီးဖြစ်၍ ရပ်ကွက်အသီးသီးမှ ရေပေးဝေရေးလုပ်ငန်းများနှင့် စစ်ကိုင်းတောင်ပေါ်ရှိ ရဟန်းသံဃာ သီလရှင်ကျောင်းများကို မူလရေစက်အသင်း၊ သီတဂူရေစက်အသင်းတို့မှ ရေပေးဝေလျက်ရှိရာ ဧရာဝတီမြစ်မှတဆင့် ရေစုပ်စက်ကြီးများဖြင့် စုပ်တင်ကာ ပေးဝေရကြောင်း သိရသည်။

ယခုနှစ်တွင် မြစ်ရေနည်းပါးမှုနှင့် သောင်ဖြစ်ထွန်းမှုမှာ လက်ရှိအခြေအနေထက် ပိုမိုများပြားလာပါက ရေပေးဝေမှု အခက်အခဲများကြုံလာနိုင်ကြောင်း ရေပေးဝေမှုအသင်းများထံမှ သိရသည်။

**(၅၃၁)**

# ကိုယ့်အားကိုယ်ကိုးလမ်းသစ်ခင်း

**ကျောက်တန်း မတ် ၉**

ကျောက်တန်းမြို့နယ် ကန်ပြောင်ကျေးရွာအရှေ့ပိုင်းအဝင် လမ်းမကြီးအား မတ် ၆ ရက်က ကွန်ကရစ်လမ်းသစ်ခင်းလျက်ရှိသည် တွေ့ရသည်။

ကွန်ကရစ်လမ်းသစ်ကြီးမှာ အရှည်ပေ၅၅၀၊ အနံ ၁၀ ပေ ထု၊ ခြောက်လက်မဖြစ်ပြီး အလှူရှင်များ ဖြစ်ကြသည့် ကန်ပြောင်ကျေးရွာနေ ဦးသန်းအေး၊ ဦးထွေး၊ ဦးမြင့်သူ၊ ဦးကျော်ဌေးအောင်တို့မှ မတည်ငွေသိန်း ၇၀ ဖြင့် ရွာသူ ရွာသားများ စုပေါင်းအလှူငွေ သိန်း ၈၀ ကျော်ဖြင့် ကိုယ့်အားကိုယ်ကိုးခင်းခြင်းဖြစ်ကြောင်း သိရသည်။

**(တင်မောင်ငွေ-သန်လျင်)**

# ယာယီသက်သေခံလက်မှတ်များအပ်နှင်းခြင်း လုပ်ငန်းစဉ်များရှင်းလင်း

**လားရှိုး မတ် ၉**

ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ လုပ်ငန်းတွေ့ဆုံညှိနှိုင်းပွဲကို လားရှိုးမြို့ ပြည်နယ်ထွေ/အုပ်ရုံး၌ မတ် ၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိန်အုပ် နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းလုပ်ငန်းတွေ့ဆုံညှိနှိုင်းပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က ယာယီသက်သေခံလက်မှတ်များ အပ်နှံခြင်းနှင့် စိစစ်မှုခံယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**ဇော်လွင်(လားရှိုး)**

# မြင်းမူမြို့နယ်မီးသတ်စခန်း ဆောက်လုပ်မှု ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

**မြင်းမူ မတ် ၉**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၅၁၁၁ သိန်းဖြင့် မြင်းမူမြို့နယ်မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်များ ဆောက်လုပ်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ မြို့နယ်မီးသတ်စခန်း အဆောက်အအုံသစ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၁၅၁၁ သိန်းဖြင့် အလျား ၆၅ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၅ ပေရှိ ငါးယူနစ် သံကူကွန်ကရစ်နှစ်ထပ်အဆောက်အအုံနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ်သိန်း ၁၈၀၀ စီဖြင့် အလျားပေ ၁၀၀၊ အနံပေ ၄၀၊ အမြင့် ၂၂ ပေစီရှိ လေးခန်းတွဲ သံကူကွန်ကရစ် နှစ်ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံနှစ်လုံးကို ကျော်စွာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ**

# မိုးပွင့်အထူးစီမံချက်ဖြင့် မှတ်ပုံတင်များ နတ်တလင်းမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

**နတ်တလင်း မတ် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးပင်ကွေ့ကျေးရွာအုပ်စုတွင် မတ် ၅ ရက် နံနက် ၈ နာရီမှစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်နှင့် ဝန်ထမ်းများက အသက် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရန် ကျန်ရှိနေသူများအတွက် မိုးပွင့်အထူးစီမံချက်အနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာအုပ်စုတွင် အိမ်ထောင်စုစာရင်း ၉၇၇ ဦးနှင့် နိုင်ငံ သားစိစစ်ရေးကတ်ပြား ၃၁၀ ဦးတို့အား ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါလုပ်ငန်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီနှင့် ရပ်မိရပ်ဖများက ကူညီဝိုင်းဝန်းဆောင်ရွက်ပေးကြပြီး အမျိုးသား မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများပြုလုပ်ရာ၌ သတ်မှတ်ထားသောငွေကို ပေးသွင်းရခြင်းမရှိဘဲ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်မိသားစုက လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၀၇၁)**

# တောင်တွင်းကြီးမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

**တောင်တွင်းကြီး မတ် ၉**

ပွင့်လင်းခြောက်သွေ့သောရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့ပေါ် ၁၀ ရပ်ကွက်၊ ကျေးရွာပေါင်း ၂၇၅ ရွာနှင့် ယင်းဒေသရှိ စက်သုံးဆီအရောင်းဆိုင်များ၊ ဌာနဆိုင်ရာများ၊ ဈေးများ မီးလောင်မှုမဖြစ်ပွားစေရေး ဆောင်ရွက်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရဲနိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မတ် ၄ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့ မြို့မဈေးကြီးသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းစစ်ဆေးရေးအဖွဲ့သည် ဈေးဆိုင်ခန်းများ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မီးငြိမ်းသတ်ရေး ရေလှောင်ကန်များ၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ လှေကားစသည့်ပစ္စည်းများ ဈေးဆိုင်ခန်းများ၌ ဆောင်ရွက်ထားရှိမှု ပြည့်စုံမှုရှိ-မရှိ စစ်ဆေးခဲ့ကြပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

**နိုင်ဝင်း**

# ရမည်းသင်းမြို့နယ် မြို့လှအုပ်စုဝန်းကျင်တွင် မိုးကြိုထယ်ရေး ထွန်စက်ဖြင့် ပြောင်းလဲထွန်ယက်



**ရမည်းသင်း မတ် ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စုဝန်းကျင် အနီးရှိ ကျေးရွာများမှ တောင်သူများသည် ယခုလရာသီ မိုးကြိုထယ်ရေး ထွန်ချိန်တွင် ယခင်ကကဲ့သို့ နွားဖြင့် မထွန်ဘဲ ထွန်စက်ဖြင့် ငှားရမ်းထွန်ကြသည်ဟု သိရသည်။

တစ်ဧကလျှင် ထွန်စက်ဖြင့်ထွန်ပါက စရိတ်ငြိမ်း နှစ်သောင်းကျပ်ပေးရသည်။ နွားဖြင့်ထွန်ပါက တစ်ဧကလျှင် နွားလေးရှဉ်းငှားထွန်ရပြီး နွားတစ်ရှဉ်းလျှင် ထွန်ခငါးထောင်ကျပ်ပေးရသည်။ တစ်ဧကအတွက် ထွန်ယက်ခကုန်ကျစရိတ်တူညီသော်လည်း ထွန်စက်ဖြင့်ထွန်ပါက အချိန်ကုန်သက်သာပြီး ထယ်ရေးနက် ထွန်ရေးညက်သောကြောင့် ထွန်စက်ဖြင့်ထွန်ယက်ခြင်းမှာ အဆင်ပြေသည်ဟု ယင်းဒေသနေ တောင်သူတစ်ဦးကပြောသည်။

မြို့လှရွာတွင် ယခုနှစ်မှစကာ ထွန်စက်ဝယ်၍ အငှားလိုက်ဝန်ဆောင်ထွန်ယက်ပေးခြင်းဖြစ်သည်။ ယင်းထွန်စက်ကို သမဝါယမမှ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူ၍ ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရသည်။ မိုးကြိုထယ်ရေးအတွက် တောင်သူများ အဆင်ပြေစေရန် ငွေချန်စနစ်ဖြင့် ဆောင်ရွက်ပေးသည့်အတွက် တောင်သူနှင့် ထွန်စက်ပိုင်ရှင် နှစ်ဦးနှစ်ဖက် အဆင်ပြေသည်ဟု သိရသည်။ လယ်ယာမြေ တစ်နေရာမှ တစ်နေရာ အရွှေ့အပြောင်းမရှိထွန်ယက်ပါက တစ်နေ့ ရှစ်ဧကပြီးအောင်ထွန်ယက်နိုင်ပြီး အရွှေ့အပြောင်းများပါက ငါးဧကဝန်းကျင်သာပြီးစီးနိုင်ကြောင်း သိရသည်။

ယခုကဲ့သို့ လယ်ယာကဏ္ဍတွင် စက်စွမ်းအားကို ပြောင်းလဲအသုံးပြုခြင်းကြောင့် အချိန်ကုန်သက်သာပြီး လုပ်ငန်းထိရောက်မှုရှိကာ များစွာအကျိုးရှိသောကြောင့် တောင်သူများ စက်မှုလယ်ယာကဏ္ဍပြောင်းလဲရေးကို စိတ်ဝင်စားကြသည်။

**(ဖဉ)**

# မိတ္ထီလာမြို့နယ် (၁၅) ကြိမ်မြောက် ဝိသာခါအဖွဲ့မှ သီလရှင်အပါး ၃၂၀ အား ဝတ်စုံလှူဒါန်း၍ဆွမ်းဆန်စိမ်းလောင်းလှူ

**မိတ္ထီလာ မတ် ၉**

မိတ္ထီလာမြို့နယ် (၁၅) ကြိမ်မြောက် ဝိသာခါအဖွဲ့မှ သီလရှင်အပါး ၃၂၀ အား ဝတ်စုံလှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၄ ရက် ညနေ ၄ နာရီတွင် သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြတ်နိုးပီတိနှင့် သီလရှင်ဘက်စုံလှူဒါန်းရေးနှင့် လူမှုကူညီရေးဝိသာခါအဖွဲ့၏ ဦးစီးပဓာနနာယကဆရာတော် အရှင်ပညိန္ဒြိယမှ ဩဝါဒမိန့်ကြားပြီး ဝိသာခါအဖွဲ့ကြီး၏ ဥက္ကဋ္ဌ ဆရာမကြီး ဒေါ်ခင်မှိုက ဝတ်စုံအလှူရှင်ကိုယ်စား ဝတ်စုံလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဝတ်စုံအလှူရှင် ဦးမျိုးကြည်-ဒေါ်ကွာကွာမိသားစု (ရွှေနဂါးအထည်ဆိုင်)မှ သီလရှင်အပါး ၃၂၀ အား ဝတ်စုံများ လှူဒါန်းခဲ့ပြီး ဦးကျော်ဆွေ-ဒေါ်မျိုးမျိုးမိသားစုမှ ဝိသာခါ လူမှုရေးအဖွဲ့ကြီးအား အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် မိတ္ထီလာမြို့ ဝိသာခါလူမှုရေးအဖွဲ့ကြီးနှင့်အတူ နယ်မြေခံ ၉၉ တပ်မနှင့် တပ်ရင်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့ပေါ် ၁၄ ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လားရှိုးမြို့ ဆုံကွယ်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**လားရှိုး မတ် ၉**

၂၀၁၅ ခုနှစ် နှစ် (၇၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လားရှိုးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ဆုံကွယ်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာအဝင်လမ်း မုခ်ဦးရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ရုံးခွဲ (လားရှိုး) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆုံကွယ်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း၊ မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့အား လမ်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် လက်ဆောင်ပစ္စည်းများကို ဆုံကွယ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ပေးအပ်ခဲ့သည်။

ဆက်လက်၍ လားရှိုးမြို့ ဆုံကွယ်ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲမုခ်ဦးအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းတို့က ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးဦးလှထွန်းနှင့် တာဝန်ရှိသူများက ဆုံကွယ်ကျေးရွာကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုဖွင့်လှစ်သည့် ဆုံကွယ်ကျေးရွာအဝင် ကတ္တရာလမ်းသည် အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေရှိပြီး ကုန်ကျငွေကျပ် ၉၂ ဒသမ ၇၂ သန်းဖြင့် အကုန်အကျခံဆောင်ရွက်ပေးခဲ့ပြီး ဆုံကွယ်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းတံတား ၆၄ ခု၊ ကုန်ကျငွေကျပ် ၄၄၁၁ ဒသမ ၇၉၇ သန်း၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၂၁၅ ခု၊ ကုန်ကျငွေကျပ် ၂၃၅၂ ဒသမ ၆၇ သန်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်း ၁၄၇၂၄ ခု၊ ကုန်ကျငွေကျပ် သန်း ၃၂၉၀ ဒသမ ၅၄ သန်း၊ ကျေးလက်အိမ်ရာလုပ်ငန်း ၆၁ ခု၊ ကုန်ကျငွေကျပ်သန်း ၁၈၀၊ ကျေးလက်ယင်လုံအိမ်သာလုပ်ငန်း ၂၁၃ ခု၊ ကုန်ကျငွေကျပ် ၉၄ ဒသမ ၉ သန်း စုစုပေါင်းလုပ်ငန်း ၁၅၂၇၇ ခုတို့အား ကုန်ကျငွေကျပ် ၁၀၃၂၉ ဒသမ ၉၀၇ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာန ငါးခုထားရှိမည်

**ပေါင် မတ် ၉**

ပေါင်မြို့နယ်အတွင်း မတ်၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် အထကပေါင်၊ အထက မုတ္တမ၊ အထက နတ်ကြီးချောင်၊အထက ဇင်းကျိုက်၊ အထက ရင်ငြိမ်းဟူ၍ စာစစ်ဌာနပေါင်း ငါးခုထားရှိမည်ဖြစ်ပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၈၁၂ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။

ယင်းစာစစ်ဌာနများတွင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ သွားလာရေးအဆင်ပြေနိုင်ရန်အတွက် ရပ်ဝေးမှ ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် ယာဉ်ငယ်များ စီစဉ်ထားပေးမည်ဖြစ်သည်။

ထို့အပြင် စာမေးပွဲဖြေဆိုမည့်ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းပိုင်းစည်းနှင့် အပြင်ပိုင်းစည်းဟူ၍ ထားရှိပေးမည်ဖြစ်သည်။ ကျောင်းဝင်းပိုင်းစည်းတွင် ပညာရေးဌာနမှ တာဝန်ခံများထားရှိပြီး ကျောင်းအပြင်စည်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ထားရှိမည်ဖြစ်ကြောင်းသိရှိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ငါးခုထားရှိမည်

**ဝက်လက် မတ် ၉**

ဝက်လက်မြို့နယ်တွင် မတ် ၁၁ ရက်တွင်ကျင်းပမည့် ၂၀၁၅ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် (အ. ထ. က) နှစ်နေရာ၊ လှတောကျေးရွာ၊ ရွှေပန်းကုန်းကျေးရွာနှင့် ရှိမ်းမကားကျေးရွာစာစစ်ဌာနပေါင်း ငါးခုထားရှိမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၃၀၀ ဦး ဖြေဆိုကြမည်ဖြစ်သည်။

ယင်းစာစစ်ဌာနများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာစာဖြေဆိုရန် ကျောင်းဝင်ပိုင်းစည်းနှင့် အပြင်ပိုင်းစည်းဟူ၍ နှစ်မျိုးထားရှိမည်ဖြစ်ကြောင်း သိရသည်။ ကျောင်းဝင်ပိုင်းစည်းတွင် ပညာရေးဌာနမှ တာဝန်ခံများ ထားရှိပြီး ကျောင်းအပြင်ပိုင်းစည်းတွင် ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# လူကုန်ကူးခံရသူ အခြေပြုချဉ်းကပ် အသုံးပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၉**

လူကုန်ကူးမှုများတွင် လူကုန်ကူးခံရသူ အခြေပြုချဉ်းကပ်အသုံးပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ မြန်မာ၊ အမေရိကန် လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးတွဲစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် The Wamath Group ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မတ် ၁၀ ရက်မှ ၁၃ ရက်အထိ နေပြည်တော်၊ သင်္ဂဟိုတယ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ပထမအပိုင်းအနေဖြင့် မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အတွေ့အကြုံရှိ ရဲဝန်ထမ်းများဖြင့်လည်းကောင်း၊ ဒုတိယပိုင်းကို မတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် အတွေ့အကြုံနုနယ်သေးသည့် ရဲတပ်ဖွဲ့ဝင်များဖြင့်လည်းကောင်း ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် လူကုန်ကူးခံရသူ အခြေပြုချဉ်းကပ်မှုအဓိပ္ပာယ်၊ အကျိုးကျေးဇူးများနှင့် လက်တွေ့ဆောင်ရွက်မှုအပိုင်းများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (နေပြည်တော်)မှ သိရသည်။

**ဖိုးသန့်**

# ပသွယ် – မရမ်း ကျေးရွာချင်းဆက်လမ်းခင်းကျင်း



**ပန်းတနော် မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၈၂ ဒသမ ၃၇၅ သန်းဖြင့် ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာနှင့် မရမ်းကျေးရွာချင်းဆက်သွယ်သော အရှည် ၄/၆ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိသည့်လမ်းအား တင်ဒါအောင်မြင်သည့် အောင်ချမ်းမင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယနေ့ထိ ၄ မိုင်ခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလင်းထွန်းနှင့် မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်တို့က မတ် ၁ ရက်၌ ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး ကျေးရွာပြည်သူများ၊ ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းအချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**(၁ဖဖ)**

# မြင်းမူမြို့နယ်တွင် အဆင့်မြင့်လယ်ယာမြေ ဧက ၇၀ ဖော်ထုတ်မှု မကြာမီပြီးစီးမည်



**မြင်းမူ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် ဇေယျာအောင်မြေကုမ္ပဏီတို့ ပူးပေါင်းပြီး မြင်းမူမြို့နယ် ပျော့ရွာကျေးရွာ ကွင်းအမှတ် (၃၆၅) တွင် အဆင့်မြင့်လယ်ယာမြေ ဧက ၇၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

တောင်သူ ၃၈ ဦး ပိုင်ဆိုင်သည့် လယ်ယာမြေ ဧက ၇၀ ကို လယ်တစ်ကွက်လျှင် အလျား ၃၆၃ ပေ၊ အနံ ၁၂၀ ပေနှုန်းဖြင့် ဖော်ထုတ်ခဲ့ရာ အဆင့်မြင့်လယ်ကွက်ပေါင်း ၈၂ ကွက်ကို ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာမှာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ထွန်စက် ၆ စီး၊ ဇေယျာအောင်မြေကုမ္ပဏီက မြေထိုး၊ မြေကော်ယာဉ်တစ်စီးနဲ့ မြေသယ်ယာဉ် ၁၅ စီးနဲ့ဆောင်ရွက်ခဲ့ပါတယ်။

'အဆင့်မြင့်လယ်ယာမြေဖော်ထုတ်မှုတစ်ဧကကုန်ကျစရိတ်မှာ ၄ ဒသ မ ၉၅ သိန်း ဖြစ်ပါတယ်အဆင့်မြင့်လယ်ယာမြေမှာ ရေသွင်း၊ရေထုတ်မြောင်းပါတဲ့အတွက် လိုသလိုရေသွင်း၊ ရေထုတ်နိုင်ပြီး လယ်ကွက်အတွင်းက ရေအနည်းအများကို ထိန်းညှိပေးနိုင်တဲ့အတွက် စပါးပင်ပွားကိုမျှတစွာရရှိနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်း ၂၀ ရာခိုင်နှုန်းအထိ တိုးတက်စေပါတယ်" ဟု မြင်းမူမြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းမင်းထွန်းက ပြောသည်။

အဆင့်မြင့်လယ်ယာ ဖော်ထုတ်ရာတွင် ကုန်ထုတ်လမ်းရှိခြင်း၊ စက်စွမ်းအားပြည့်အသုံးပြုနိုင်ရန် လုံလောက်သော အကျယ်အဝန်းရှိရန်၊ ထောင့်မှန်စတုဂံဖြစ်၍ အလျား၊ အနံ ၃း၁ ခန့်ရှိရန်၊ လယ်မြေမျက်နှာပြင် ညီညာမှုရှိရန်၊ ရေသွင်းမြောင်းရှိရန်၊ ရေနုတ်မြောင်းရှိရန်၊ ကန်သင်းများ ကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ ပြည့်စုံကောင်းမွန်ရန် စသည့်အင်္ဂါရပ်များနှင့်အညီ စနစ်တကျ ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးခါး**

# သာစည်မြို့နယ် ဆည်ကြီးကျေးရွာ လျှပ်စစ်မီးလင်းရေး စာချုပ်ချုပ်ဆို

**သာစည် မတ် ၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဆည်ကြီးကျေးရွာ မီးလင်းရေးအတွက် မတ် ၄ ရက် မွန်းလွဲ ၁ နာရီက ကျေးရွာမီးလင်းရေးကော်မတီနှင့် မြူနှင်းလျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ရေးအဖွဲ့တို့သည် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ဆည်ကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အဆိုပါစာချုပ်အရ စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ မြူနှင်းကုမ္ပဏီက ဆည်ကြီးကျေးရွာတွင် လျှပ်စစ်မီးလင်းစေရန် ၉ လအတွင်း အပြီးဆောင်ရွက်ပေးရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ် ၉၁၂ သိန်းကို ကျေးရွာမီးလင်းရေးကော်မတီမှ အရစ်ကျစနစ်ဖြင့် လျှပ်စစ်မီးလင်းချိန်တွင် အကျေပေးချေရမည်ဖြစ်ကြောင်း သိရသည်။

ယင်းသဘောတူစာချုပ်ချုပ်ဆိုရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် မြို့နယ်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးသူရတို့တက်ရောက်ခဲ့ကြသည်။

**ထွန်းထွန်း(သာစည်)**

# နန့်မွန်းကျေးရွာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများဆောင်ရွက်

**မိုးညှင်း မတ် ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝဏ္ဏဆွေ၊ နန့်မွန်းမြို့နယ်လျှပ်စစ်မှူး ဦးဝင်းမော်နှင့်ဝန်ထမ်းများမှ နန့်မွန်းကျေးရွာအတွင်းရှိ လျှပ်စစ်မီးသုံးစွဲကြသည့် အိမ်ထောင်စုများသို့ အိမ်တိုင်ရာရောက် သွားရောက်ကာ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နီတိုး**

# ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံသို့ အရေးပေါ်လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်

**ကျိုက်ထို မတ် ၉**

မြန်မာနိုင်ငံဆရာဝန်များအသင်း (ဗဟို) မှ ကျိုက်ထိုမြို့နယ်ပြည်သူ့ဆေးရုံသို့ အရေးပေါ်လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်များအသင်း (ဗဟို) မှ တာဝန်ခံ ဆရာဝန်ကြီး ပါမောက္ခဒေါက်တာရဲမြင့်က အရေးပေါ်လူနာတင်ယာဉ် ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အရေးပေါ်လူနာတင်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံမြက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဆေးရုံအထောက်အကူပြုကော်မတီမှ ဦးဝင်းနိုင်ဦးက အရေးပေါ်လူနာတင်ယာဉ်အား ထိန်းသိမ်းမည့်အစီအမံများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက်အရေးပေါ်လူနာတင်ယာဉ်အား မြန်မာနိုင်ငံဆရာဝန်များအသင်း (ဗဟို) မှ ကျိုက်ထိုပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းသန်းမော်(ပြန်/ဆက်)**

CitiAvenue Travels & Tours ၏ နှစ်သစ်ကူးပိတ်ရက် ထကြွန်ခရီးစဉ်များ
www.facebook.com/citiavenue
ဗန်ကောက်-ပတ္တရား April 12,13 (USD 750)
ဗီယက်နမ် April 13 April 13 (USD 880)
စင်ကာပူ April 12,13 April 13 (USD 985)
ဒူဘိုင်း April 12 (USD 2750)
ဟောင်ကောင်-ဘာလီ April 11 (USD 1770)
ဟောင်ကောင်-ရှန်ဟိုင်း-ဝီကင်း April 13 (USD 1890)
ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်-မကာအို-ကျူးဟိုင် April 14 (USD 1595)
ကိုရီးယား April 12 (USD 1730)
ဂျပန် April 12 (USD 2650)
ဩစတြေးလျ April 10 (USD 3400)
အမှတ် ၁၃၉(က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
09 732356 12 , 09 732356 21 , 09 25090 1188 , 09 25090 1199 , 01 211609
Service From Our Hearts !!

(၅)နှစ်ပြည့်မွေးနေ့ဆုတောင်း
မရွှန်းလဲ့လဲ့ဖူး(Pre1 NELC Mdy)
၁၀-၃-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်များစွာ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား' ဆိုတဲ့ မြတ်ဗုဒ္ဓ၏ အဆုံးအမကိုလိုက်နာကျင့်သုံးပြီး ယဉ်ကျေးလိမ္မာ၍ ဉာဏ်ပညာထက်မြက်သော၊ မိဘကျေးဇူးသိတတ်သော သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုတောင်း ပေးပါတယ်။
ဘိုးဘိုး၊ ဘွားဘွား၊ ဦးအောင်ကျော်-ဒေါ်စန်းမြင့်
ဖေဖေ၊ မေမေ-ဦးမျိုးကြည်-ဒေါ်မေဖြိုးယဉ်ဝင်း
ကြီးကြီးဖူး-ဒေါ်လှယဉ်ဝင်း
ကြီးကြီးနီ-(ဒု-ဗိုလ်မှူးကြီးဇေယျာဝင်း)-ဒေါ်နှင်းယဉ်ဝင်း

European Professional Lecturer များ၏ သင်ကြားပို့ချမှုဖြင့်
SWPS University (No.1 University in Poland, Europe) မှ
တိုက်ရိုက်ချီးမြှင့်သော ကမ္ဘာ့အဆင့်မြင့် ဒီဂရီဘွဲ့နှင့် ဒီပလိုမာများ
EEC European Education Center
Executive MBA
• International Business Relations ( BA , HND )
• Management ( BA , HND )
• Diploma in Management Studies
• Diploma in Human Resources
• Diploma in Business English
• Certificate of Proficiency in English
www.eecmyanmar.com eecmyanmar 09-250233662 Register Now
No.A/601,Diamond Condo,Pyay Road,Kamaryut,Yangon.

ရွှေထီပ်တန်း ❋ ချောင်းသာ(နေ့စဉ်)
ရွှေစက်တော် နှင့် လမ်းဘုရားစုံ (သောကြာ)
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ(သောကြာ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်ဝမ်းလိုဏ်ဂူ(သောကြာ)
ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (သောကြာ)
စီးလုံးငှားလက်ခံသည်
01-701015,01-710436,09-5403844,09-5044830

ကန့်ကွက်နိုင်ပါကြောင်း
ရှမ်းပြည်နယ်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဌာနပိုင်မြေကွက်အမှတ်(၈-က)၊ ဦးပိုင်အမှတ် (၁၁၃-က+၁၁၃-ခ)၊ မြေဧရိယာ (၀.၈၇၇)ဧကအား မူလအမည်ပေါက် ဒေါ်သန်းရှင်မှ ဌာနအမည်သို့ မြေငှားဂရန်အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများ သတင်းစာပါသည့်နေ့မှ (၁၅)ရက်အတွင်း တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့နယ်

သင့်သွေးဖြင့် အသက်ကယ်ပါ

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
တိုင်းရင်းဆေးပါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

Hot Line No-0930500100

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့ အခြေခံများကို ကြိုးပမ်းတည်ဆောက်နေတာဖြစ်ပါတယ်။ ဒီဖြစ်စဉ်တစ်ခုချင်းစီရဲ့ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်မယ့် အရေးကြီးတဲ့ အချိန်ကာလများကိုလည်း ရောက်ရှိနေပြီဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

## အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေမူဘောင်အခြေပြစာချုပ်အား မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန် အတည်ပြု



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ယနေ့အစည်းအဝေးတွင် **"နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေမူဘောင်အခြေပြစာချုပ်အား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ"** နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အာဆီယံ ပြတင်းတစ်ပေါက်စနစ်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

## ပွိုင့် – ၁၇၅၃ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများတွင် တိုက်ပွဲများ ပြင်းထန်စွာဆက်လက်ဖြစ်ပွား

**နေပြည်တော် မတ် ၉**

လောက်ကိုင်- ချင်းရွှေဟော်ကားလမ်းအား ဒေသခံပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်စေရေးအတွက် အဆိုပါကားလမ်းအား မကြာခဏ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသော ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခြေကုပ်ယူထားသည့် လုံထန်ကျေးရွာအနီး ကားလမ်း အရှေ့ဘက်ခြမ်းရှိ ပွိုင့်-၁၇၅၃ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင် တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက မတ် ၇ ရက်မွန်းလွဲပိုင်းမှ စတင်၍ တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများ၏ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူများရယူ၍ ရဲဝံ့စွန့်စားစွာ အဆင့်ဆင့် ခြေကုပ်ယူချီတက်ရှင်းလင်းတိုက်ခိုက်မှုကြောင့် မတ် ၈ ရက် ညပိုင်းအထိ ကိုးကန့်သောင်းကျန်းသူအဖွဲ့များနှင့် တိုက်ပွဲများပြင်းထန်စွာ ဆက်လက်ဖြစ်ပွားခဲ့ပြီး စစ်ဗျူဟာအရအရေးကြီးသော တောင်ကုန်းအချို့ကို သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

အထက်ပါ တိုက်ပွဲဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ၊ စစ်သည် ခုနစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ၊ စစ်သည် ၅၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ဒဏ်ရာရအရာရှိ၊ စစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❍**

## ကမ္ဘာပတ် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် အဘူဒါဘီမြို့မှ စတင်ပျံသန်း



**အဘူဒါဘီ မတ် ၉**

ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်တစ်စင်းသည် ၎င်း၏ ပထမဆုံးအကြိမ် ကမ္ဘာပတ်ပျံသန်းမည့်ခရီးစဉ်ကို မတ် ၉ ရက်တွင် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့မှ စတင်ပျံသန်းခဲ့ပြီဖြစ်သည်။ **(ဝဲပုံ)**

နေရောင်ခြည်စွမ်းအင်ဖြင့် လေယာဉ်ပျံသန်းနိုင်မှုကို တီထွင်ကြိုးပမ်းခဲ့သူ André Borschberg သည် တစ်ယောက်မောင်းနေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကိုထိန်းချုပ်၍ အယ်လ်ဘာတီး အိတ်စီကျူးတစ်လေဆိပ်မှ ဒေသစံတော်ချိန် ၇ နာရီ ၁၂ မိနစ်က ပျံတက်သွားခဲ့ပြီး အရှေ့ဘက်ရှိ အိုမန်နိုင်ငံ မတ်စကတ်မြို့သို့ ဦးတည်ပျံသန်းသွားခဲ့သည်။ André Borschberg သည် ခရီးစဉ်အတွင်း လေယာဉ်ရပ်နားသည့်မြို့များတွင် နေရောင်ခြည်စွမ်းအင်ဖြင့် လေယာဉ်ပျံသန်းနိုင်မှု ပူးတွဲဆောင်ရွက်သူ Bertrand Piccard နှင့် အလှည့်ကျ လဲလှယ်မောင်းနှင်သွားမည်ဖြစ်ပြီး ခရီးစဉ်ပြီးဆုံးရန် လအနည်းငယ်အချိန်ယူရမည်ဖြစ်သည်။

အဆိုပါ ဆွစ်လေယာဉ်မှူးများက နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ပျံသန်းနိုင်ရေးအတွက် တီထွင်ကြိုးပမ်းရသည့် ၎င်းတို့၏ ရည်ရွယ်ချက်မှာ ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် နည်းပညာဟောင်းများနေရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိဘဲ သန့်ရှင်းပြီး အကျိုးကျေးဇူးများသော နည်းပညာဖြင့် အစားထိုးနိုင်ရန်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါလေယာဉ်သည် ၎င်း၏ ပထမဆုံးခရီးတစ်ထောက်ရပ်နားမည့် အိုမန်နိုင်ငံ မတ်စကတ်မြို့သို့ ၁၀ နာရီကြာ ပျံသန်းပြီးနောက် ရောက်ရှိမည်ဟု မျှော်လင့်ရသည်။ လေယာဉ်သည် ခရီးစဉ်အတွင်း အာရေးဘီးယန်းပင်လယ်၊ အိန္ဒိယ၊ မြန်မာ၊ တရုတ်၊ ပစိဖိတ်သမုဒ္ဒရာ၊ အတ္တလန္တိတ်သမုဒ္ဒရာတို့ကို ဖြတ်ကျော်ပျံသန်းရမည်ဖြစ်သည်။ **(စီအင်န်အင်န်)**







RB Ph:662107, 9669012, 0973028674, 02-77838,053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905.

themirror.npt@gmail.com
www.facebook.com/themirrordaily

